မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၃၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တစည်းတလုံးတည်းသော လူမျိုး

အစဉ်အလာကောင်းများက ဖန်တီးဖော်ဆောင်ခဲ့သည့် အကျိုးရလဒ်ကောင်းများကြောင့် ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် ထွန်းပြောင်မြင့်မားသော "မြန်မာ"ဟူသည့် တစည်းတလုံးတည်းသော လူမျိုးအဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

နိုင်ငံနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးသည် အမျိုးသားအကျိုးစီးပွားဖြစ်
မီဒီယာလောကသားအားလုံးသည် အမျိုးသားအကျိုးစီးပွား၏ ဘက်တော်သားများဖြစ်ကြ
ဘက်တော်သားဟူသည် အမျိုးသားအကျိုးစီးပွားကို ထိပါးသူမှန်သမျှ တားဆီးဖယ်ရှားနေသူဟုဆိုနိုင်

ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်လောက၏ အကျိုးစီးပွားကို ဖော်ဆောင်ရင်း
နိုင်ငံနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ ၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်(အကယ်ဒမီဆု) ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန် (အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက် အားပေးချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့် ရုပ်ရှင်မြတ်နိုးသူ ပြည်သူများ တက်ရောက်ကြသည်။

အထူးပင် ကျေးဇူးတင်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် *စာမျက်နှာ ၃ ကော်လံ ၁* ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်)

လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေး ဒေသခံတိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အထူးဖွံ့ဖြိုးရေးဇုန် ၂၄ဇုန်ချမှတ်၍ နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ကာ အကြားအလပ်မရှိ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာ၌ ချင်းပြည်နယ်လည်း အပါအဝင်ဖြစ်သည်။ ချင်းပြည်နယ်သည် တောင်ပေါ်ဒေသဖြစ်သည့်အလျောက် လမ်းပန်းဆက်သွယ်ရေးလွယ်ကူစေရန် လမ်းမကြီးလေးသွယ်ကို ရာသီမရွေးသွားလာနိုင်ရန် အဆင့်မြှင့်တင်ဖောက်လုပ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ရေမြေသဘာဝအရ သီးနှံပင်များကို စိုက်ပျိုးလျက်ရှိရာ၌ ချင်းပြည်နယ်သည် လက်ဖက်စိုက်ပျိုးရန်ကောင်းသော သဘာဝရာသီဥတုနှင့် ကိုက်ညီလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲက ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရန် လမ်းညွှန်မှုပြုထားသည်နှင့်အညီ ရည်မှန်းချက်ပြည့်ဝစေရန် စိုက်ပျိုးသွားကြရမည်ဖြစ်သည်။

၂၀၀၇-၂၀၀၈ခုနှစ် လက်ဖက်စိုက်ရာသီတွင် ဟားခါးမြို့ရှိ ဌာနဆိုင်ရာ ၂၄ခုက ပျိုးပင် ၃၄၀၀၀၀ စိုက်ပျိုးခဲ့သည်။ ပုဂ္ဂလိကရပ်ကွက် ကျေးရွာများမှ စိုက်ပျိုးသောပျိုးပင်ပေါင်းသည် ၅၄၁၈၅၀ စိုက်ပျိုးခဲ့သည်။ ၂၀၀၉-၂၀၁၀ခုနှစ်၌ ပျိုးထောင်ရန် မျိုးစေ့ပေါ်ချိန်တွင် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းဒေသမှ လက်ဖက်မျိုးစေ့များကို ဝယ်ယူစုဆောင်းလျက်ရှိပေသည်။

ချင်းပြည်နယ်သည် မြေဧရိယာဧက ၈၉သိန်းကျော် ကျယ်ဝန်းသော်လည်း ဧကငါးသိန်းကျော်၌သာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသဖြင့် မြေဧရိယာဧကများ၌ လက်ဖက်စိုက်ပျိုးရန် အခွင့်အလမ်းများ ရှိနေသည်။

မြန်မာနိုင်ငံတွင် ယခုအခါ လက်ဖက်စိုက်ဧရိယာဧက နှစ်သိန်းဝန်းကျင်ကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်တို့၌ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ချင်းပြည်နယ်အတွင်း ဖလမ်းခရိုင်ရှိ တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ ထန်တလန်၊ ဖလမ်း၊ ရိဒ်၊ ဟားခါး မြို့နယ်များတွင် လည်းကောင်း၊ မင်းတပ်ခရိုင်ရှိ ကန်ပက်လက်၊ မတူပီ၊ ရေဇွာ၊ မင်းတပ်မြို့နယ်များတွင်လည်းကောင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

သို့ဖြစ်ပေရာ လက်ဖက်စိုက်ပျိုးသောနိုင်ငံများ၏ ထုတ်လုပ်မှုနှင့်စားသုံးမှုအချိုးအရ ကမ္ဘာ့ဈေးကွက်တွင် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု လိုအပ်ချက်များစွာရှိနေရာ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးပါက တစ်ဦးချင်းဝင်ငွေ တိုးတက်လာခြင်း၊ စက်ရုံများ တည်ဆောက် ထုတ်လုပ်ခြင်းတို့ဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိလာပြီး ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေး ရည်မှန်းချက် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၈-၂-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး** (အပိုင်း-၂၂)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သမီးယောက္ခမ**
၁၃း၃၀ ၆။ ကျန်းမာသုတ
၁၃း၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၂၀)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြု သင်ခန်းစာ (မြန်မာစာ)
၄း၂၀ ၅။ နတ်လူသာခုခေါ်စေသော်ဝ်
၄း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့်ပညာရှင်များ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၃)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၁၈)

မွန်ထရီယယ် နောက်ဆက်တွဲစာချုပ် အကောင်အထည်ဖော်ရေးအဖွဲ့ သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား မွန်ထရီရယ် နောက်ဆက်တွဲစာချုပ် အကောင်အထည်ဖော်ရေး နိုင်ငံပေါင်းစုံ ရန်ပုံငွေအဖွဲ့မှ အမှုဆောင်ကော်မတီဥက္ကဋ္ဌ Dr. Husamuddin Ahmadzia ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၅ရက် နံနက် ၉နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြသည်။

လာရောက်တွေ့ဆုံ

အလားတူ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား ကိုရီးယားသမ္မတနိုင်ငံ Auto Electronic Corp. (AEC) Group မှ ဥက္ကဋ္ဌ Mr. Joon Kook Choi နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမ၌ လာရောက်တွေ့ဆုံကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာလီဘန်သူပုန် ၆၀ရာခိုင်နှုန်း နိုင်ငံခြားသားများဟု ရာဟင် ပြောကြား

ကဘူးလ် ဖေဖော်ဝါရီ ၇

တာလီဘန်သူပုန် ၆၀ရာခိုင်နှုန်းသည် နိုင်ငံခြားသားများဖြစ်ကြကြောင်း အာဖဂန်နစ္စတန်ကာကွယ်ရေးဝန်ကြီး အဗ္ဗဒူရာဟင် ဝါဒက်က ပြောကြားသည်ဟု အာဖဂန်နစ္စတန်သတင်းစာတစ်စောင်က ဖေဖော်ဝါရီ ၅ရက်တွင် ရေးသားဖော်ပြသည်။

ထုတ်ဖော်မပြော

သို့သော် အဆိုပါနိုင်ငံခြားသားများမှာ မည်သည့်နိုင်ငံများမှဖြစ်သည်ကိုမူ အာဖဂန်နစ္စတန်ကာကွယ်ရေးဝန်ကြီးက အတိအကျ ထုတ်ဖော်မပြောဟုဆိုသည်။

ပြောကြား

အာဖဂန်နစ္စတန်နိုင်ငံအတွင်း လောလောဆယ် တိုက်ခိုက်နေသည့် တာလီဘန်သူပုန် ၁၅၀၀၀ခန့်ရှိပြီး နိုင်ငံခြားသားသူပုန်များသည် အီရတ်နိုင်ငံမှတစ်ဆင့် ဝင်လာကြခြင်းဖြစ်သည်ဟုလည်း အာဖဂန်နစ္စတန်ကာကွယ်ရေးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သုတစွယ်စုံစာပေဆုရရှိသူများစာရင်း ဆုရွေးချယ်ရေးအဖွဲ့ ထုတ်ပြန်ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ Swesone Media Group ၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် ''စတုတ္ထအကြိမ် သုတစွယ်စုံစာပေဆု'' ရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ယမန်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆုရသူများ

ဆုရရှိသူများမှာ ဝိဇ္ဇာဘာသာရပ်အတွက် ''ကမ္ဘာသိမြန်မာများနှင့် ကမ္ဘာသိမြန်မာစာအုပ်များ'' စာအုပ်ဖြင့် မောင်ဇေယျာ၊ စာပဒေသာဘာသာရပ်အတွက် ''ဘဝတစ်ကွေ့ကြုံတွေ့ရ မှတ်တိုင်များ'' စာအုပ်ဖြင့် မှူးသမိန်၊ ဘာသာပြန်စာပေ ဘာသာရပ်အတွက် ''ဧရာဝတီ ဖလော်တီလာ'' စာအုပ်ဖြင့် ကျော်ဦးလှ၊ လူမှုစီးပွား ဘာသာရပ်အတွက် ''မြန်မာ့ခရီးသွားဥယျာဉ်အတွင်းမှ ပန်းပွင့်ဟိုတယ်များ'' စာအုပ်ဖြင့် ချစ်ဆွေမြင့်၊ ရည်ညွှန်းစာပေ ဘာသာရပ်အတွက် ''ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ ဝေါဟာရ အဘိဓာန်'' စာအုပ်ဖြင့် မောင်လှသောင်း(ဘဏ်)၊ လူငယ်စာပေဘာသာရပ် အတွက် ''ဘဝတစ်ခုစီမံမှု'' စာအုပ်ဖြင့် ချစ်နိုင်(စိတ်ပညာ)၊ နိုင်ငံတကာရေးရာ ဘာသာရပ်အတွက် ''ဤကမ္ဘာလောကနှင့် ရေနံစွမ်းအင်ပြဿနာ'' စာအုပ်ဖြင့် သံအမတ်ကြီး ဦးလှမောင် (ဘောဂ)၊ သုတသိပ္ပံဘာသာရပ်အတွက် ''လာနီညာဆိုတဲ့ မိန်းကလေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်းပါးများ'' စာအုပ်ဖြင့် မောင်ထွန်းလွင်(မိုးလေဝသ)၊ အသုံးချသိပ္ပံဘာသာရပ်အတွက် ''ကျန်းမာစေဖွယ် နည်းအသွယ်သွယ်'' စာအုပ်ဖြင့်အောင်(ဆေး-၁)နှင့် သုတစွယ်စုံတစ်သက်တာ စာပေဆုအတွက် ဒေါက်တာခင်မောင်ညွန့် (ဆရာဒေါက်တာ ခင်မောင်ညွန့်)တို့ ဖြစ်သည်။

ချီးမြှင့်မည်

သုတစွယ်စုံ စာပေဆုများတွင် ယခုစတုတ္ထအကြိမ်သည် ၂၀၀၇ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များကို အခြေခံကာ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဆုငွေများကိုလည်း ယခင်နှစ်များကထက်တိုးမြှင့်၍ ချီးမြှင့်မည်ဖြစ်ရာ စာအုပ်တစ်အုပ်ချင်းအလိုက် ဆုရရှိသူများအား ငွေကျပ်သုံးသိန်းစီနှင့် ''သုတစွယ်စုံ တစ်သက်တာစာပေဆု''အတွက် ငွေကျပ်ငါးသိန်း ချီးမြှင့်မည်ဖြစ်သည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်၍ ဆုရရှိသူများသည် ဖုန်း-၃၇၄၄၀၀ နှင့် ၂၅၂၄၁၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကျန်းမာရေးဆိုင်ရာ ကမ္ဘာ့ဘဏ်ချေးငွေ ယခုနှစ်အတွင်း သုံးဆတိုးဖွယ်ရှိ

ဂျီနီဗာ ဖေဖော်ဝါရီ ၇

ဆင်းရဲသည့်နိုင်ငံများအပေါ် ကမ္ဘာလုံးဆိုင်ရာ ချေးငွေအကျပ်အတည်းရိုက်ခတ်မှု လျော့ပါးသက်သာစေရေးအတွက် ကမ္ဘာ့ဘဏ်က ကျန်းမာရေးအစီအစဉ်များအတွက် ယခုနှစ်ချေးငွေကို အမေရိကန်ဒေါ်လာ သုံးဘီလီယံအထိ သုံးဆတိုးရန် မျှော်လင့်ရကြောင်း ထိပ်တန်းအရာရှိများက ဖေဖော်ဝါရီ ၅ရက်တွင် ပြောကြားသည်။

ထိခိုက်

ကမ္ဘာလုံးဆိုင်ရာ ချေးငွေအကျပ်အတည်းရိုက်ခတ်မှုကြောင့် ကျန်းမာရေးကဏ္ဍကို အထူးထိခိုက်သည့်အတွက် ယင်းသို့ဖြစ်ရခြင်း ဖြစ်သည်ဟုဆိုသည်။

အချို့သောဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျန်းမာရေးအသုံးစရိတ်မှာ များစွာလျော့နည်းကျဆင်း သွားရသည်ဆိုသည်။ အမ်အင်န်အေ၊ရိုက်တာ

စင်ကာပူနိုင်ငံသား ခံယူခွင့်ရသူ ၂၀၀၈ခုနှစ်တွင် ၂၀၅၁၃ဦးရှိ

စင်ကာပူ ဖေဖော်ဝါရီ ၇

စင်ကာပူနိုင်ငံ၌ အခြားနိုင်ငံများမှ လာရောက်အခြေချသူ ၂၀၅၁၃ဦးတို့မှာ ၂၀၀၈ခုနှစ်တွင် စင်ကာပူနိုင်ငံသားခံယူခွင့် ရရှိသွားကြောင်း၊ ၂၀၀၇ခုနှစ်က စင်ကာပူနိုင်ငံသား ခံယူခွင့်ရသူ ၁၇၃၃၄ဦးသာရှိခဲ့ကြောင်း စင်ကာပူမီဒီယာများက ဖေဖော်ဝါရီ ၅ရက်၌ ပြောကြားသည်။

နေထိုင်ခွင့်ရရှိ

၂၀၀၈ခုနှစ်အတွင်းတွင် အခြား၇၉၁၆၇ဦးတို့မှာလည်း စင်ကာပူနိုင်ငံ၌ အမြဲတမ်းနေထိုင်ခွင့်ရရှိသည်ဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

● ရှေ့ဖုံးမှ

ယနေ့ညကျင်းပသည့် အခမ်းအနားသည် ၂၀၀၇ခုနှစ်အတွင်း ထုတ်လုပ်ပြသသော မြန်မာ့ရုပ်ရှင်ဇာတ်ကားများထဲမှ ထူးချွန်သည့် အနုပညာရှင်များ၊ အတတ်ပညာရှင်များကို စိစစ်ရွေးချယ်ပြီး ထူးချွန်ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရုပ်ရှင်ထူးချွန်ဆုပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို စုံစုံညီညီ သိုက်သိုက်ဝန်းဝန်း ကြွရောက် အားပေးကြသည့်အတွက်လည်း အထူးပင်ကျေးဇူးတင် ဝမ်းမြောက်ပါသည်ဟု ဦးစွာပြောကြားလိုပါကြောင်း။

အထောက်အကူပြု

ယခုဆိုလျှင် နိုင်ငံတော်အကြီးအကဲ၏ အားပေးလမ်းညွှန်ချက်နှင့်အညီ ကျွမ်းကျင်တတ်မြောက်သော ရုပ်ရှင်ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ ရုပ်ရှင်နှင့်ပြဇာတ်ပညာ သုံးနှစ်ဘွဲ့ကြိုသင်တန်းကို ၂၀၀၇ခုနှစ်မှစတင်ပြီး ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် မကြာမီတွင် ရုပ်ရှင်၊ ဗီဒီယိုနှင့် ပြဇာတ်ပညာရပ်များကို စနစ်တကျတတ်မြောက်သည့် မျိုးဆက်သစ်ပညာရှင်များ ပေါ်ထွန်းလာပြီး အရည်အသွေးအဆင့်အတန်းမြင့်မားသော ရုပ်ရှင်၊ ဗီဒီယို ဇာတ်ကားကောင်းများ ထုတ်လုပ်နိုင်ရေးအတွက် များစွာအထောက်အကူပြုနိုင်တော့မည် ဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခုဆိုလျှင် စတီရီယိုအသံကူးပြောင်းစက်၊ အရောင်ခွဲစက်၊ ရုပ်ရှင်ဖလင်ကားကူးစက်စသည့် စက်ပစ္စည်းများကို နိုင်ငံခြားမှ မှာယူတင်သွင်းပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်းတွင် စတင်အသုံးပြုနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်ကထက် အရုပ်၊ အရောင်၊ အသံအရည်အသွေးများ ပိုမိုကောင်းမွန်သည့် ရုပ်ရှင်ဇာတ်ကားများကို စတင်ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်း၊ ပြည်ပကိုသွားရောက်ကူးဆေးကုန်ကျရသည့် စရိတ်စကများ သက်သာနေပြီဖြစ်သကဲ့သို့ ပြည်ပဇာတ်ကားများနည်းတူ အရည်အသွေးများလည်း တစ်စထက်တစ်စ၊ တစ်ကားထက်တစ်ကား ပိုမိုကောင်းမွန်လာနေပြီဖြစ်ကြောင်း၊ အခြားလိုအပ်နေသေးသော ရုပ်ရှင်လုပ်ငန်း စက်ပစ္စည်းကိရိယာများကိုလည်း ဆက်လက်ဝယ်ယူ တပ်ဆင်ပေးသွားမည်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

အင်အားသစ်

နိုင်ငံတော်က ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်အောင် ယခုကဲ့သို့ အားပေးချီးမြှင့်နေသကဲ့သို့ ရုပ်ရှင်လောကသားများ မှီခိုအားထားရာဖြစ်သည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့အသစ်ကိုလည်း ၂၀၀၇ခုနှစ်တွင် ဒုတိယအကြိမ် ပြန်လည် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင် အဖွဲ့သစ်အနေဖြင့်လည်း လူသစ်၊ စိတ်သစ်၊ အင်အားသစ်များဖြင့် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်နေရကြောင်း။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် ဖလင်များကို အစည်းအရုံးပိုင်ငွေဖြင့် ပြည်ပမှ ဝယ်ယူတင်သွင်းပြီး ထုတ်လုပ်သူများကို အကြွေးစနစ်ဖြင့် ပံ့ပိုးရောင်းချပေးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ထို့အပြင် သရုပ်ဆောင်ပညာ အခြေခံတတ်မြောက်သော မျိုးဆက်သစ် အနုပညာရှင်များ ပေါ်ထွက်နိုင်ရေးအတွက် ရုပ်ရှင်နှင့်ဗီဒီယိုသင်တန်းကိုလည်း အောင်မြင်စွာ ဖွင့်လှစ်သင်ကြားနိုင်ခဲ့ကြောင်း၊ အရည်အသွေးမြင့်မားသည့် ရုပ်ရှင်ဒါရိုက်တာများ တိုးပွားလာစေရေးအတွက်လည်း ဒါရိုက်တာ ပညာသင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဆက်လက်ပြီး ဇာတ်ညွှန်း၊ တည်းဖြတ်၊ ရုပ်ရှင်ဓာတ်ပုံစသည့် သင်တန်းများကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးနိုင်ရန်အတွက် ကြိုးစားလျက်ရှိကြောင်း၊ ထို့အပြင် ရုပ်ရှင်အနုပညာ၊ အတတ်ပညာဆိုင်ရာ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကို အခါအားလျော်စွာ ကျင်းပပြုလုပ်ပြီး မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေသကဲ့သို့ အခြားတစ်ဖက်မှလည်း ရုပ်ရှင်လောကသားများအတွင်း စိတ်ပိုင်းနှင့် ကိုယ်ကျင့်တရားအပိုင်း ဆိုင်ရာ အရည်အသွေးမြင့်မားတိုးတက်လာအောင် လေ့ကျင့်စည်းရုံး ဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့အပြင် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းအနေဖြင့်လည်း မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တရုတ်-မြန်မာ ရုပ်ရှင်ပူးပေါင်းရိုက်ကူးထုတ်လုပ်နိုင်ရေးအတွက် China Film Group Corporation နှင့်ဆွေးနွေးရန် ၂၀၀၈ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း၊ ကိုရီးယား-မြန်မာနှစ်နိုင်ငံရုပ်ရှင်နှင့် ရုပ်မြင်သံကြား ပူးပေါင်းရိုက်ကူး ထုတ်လုပ်နိုင်ရေးအတွက် ၂၀၀၈ ခုနှစ်အတွင်း ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပသည့် The International Co-production Workshop သို့လည်းကောင်း ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာ့လျန်မြို့၌ကျင်းပသည့် (၁၇)ကြိမ်မြောက် ရွှေကြက်-ရာပန်း ရုပ်ရှင်ပွဲတော်သို့လည်းကောင်း ရုပ်ရှင်ကိုယ်စားလှယ်များ စေလွှတ်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ နိုင်ငံတကာ လေ့လာမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်သွားကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိကြောင်း။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့်ရုပ်ရှင်လောကသားများ အနေဖြင့် ယခုကဲ့သို့ အဘက်ဘက်မှ အားတက်သရော ကြိုးပမ်းစွမ်းဆောင်နေကြသည်မှာ မှန်သော်လည်း မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုထက်ပိုပြီး ကြိုးပမ်းတိုးမြှင့်ဆောင်ရွက်ရန်လိုအပ်သည်ဟု မိမိသုံးသပ်မိကြောင်း၊အမှန်တကယ်တွင် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်ကျယ်ပြန့်ရေးသည် အသက်ဖြစ်သည်ဟု မိမိအထပ်ထပ်ပြောကြားခဲ့ပြီး ဖြစ်ကြောင်း၊ ဈေးကွက်ကျယ်ပြန့်ရေးဆိုရာတွင် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရေးသည် အဓိကကျလှကြောင်း၊ ပြည်ပကို ထိုးဖောက်ပြီး ဈေးကွက်ရရှိနိုင်ရန်အတွက် မိမိတို့ရုပ်ရှင်ကားများသည် ပြည်ပနှင့်အဆင့်အတန်း၊ အရည်အသွေး ယှဉ်ပြိုင်နိုင်ရန် ဇာတ်အိမ်ဇာတ်လမ်းခိုင်မာပြီး သရုပ်ဆောင်မှုအရည်အသွေးမြင့်မား သဘာဝကျရန်၊ အရုပ်၊ အသံ၊ အရောင် အရည်အသွေးများကောင်းမွန်ရန် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု နိုင်ငံတကာစံမီရန် မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ အနုပညာအရည်အသွေး၊ အတတ်ပညာအရည်အချင်းများကို အကောင်းဆုံးစိုက်ထုတ်ပြီး လက်ရှိပြည်တွင်း၌ ရှိနေသည့် စက်ကိရိယာအထောက်အကူပစ္စည်းများနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကိုယ့်ပြည်တွင်း၌ လိုအပ်နေသော ခေတ်မီရိုက်ကူးရေး ကင်မရာအပါအဝင် စက်ကိရိယာများ၊ ဆက်စပ်ပစ္စည်းများကိုလည်း ရုပ်ရှင် လောကသားများ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ဝယ်ယူထူထောင်သွားကြရမည်ပင် ဖြစ်ကြောင်း။

အရည်အသွေးမြင့်မား

ယခုအချိန်အခါတွင် ရုပ်ရှင်လောကသားများအနေဖြင့် အမြတ်အစွန်းရရှိရေး တစ်ခုတည်းကိုသာ ဇောင်းပေးဆောင်ရွက်နေသည့်အတွက် ရုပ်ရှင်ဇာတ်ကားများ၏ အရည်အသွေးပိုင်း ကျဆင်းရခြင်းဖြစ်သည်ဟု သုံးသပ်မှုများ ကြားသိနေရကြောင်း၊ တကယ်တွင် အဆင့်မီအရည်အသွေးမြင့်သော ဇာတ်ကားကောင်းများထုတ်လုပ်နိုင်ရန်အတွက် အမြတ်အစွန်းတစ်ခုတည်းကိုကြည့်ပြီး ဆူလွယ်နပ်လွယ် ရိုက်ကူးထုတ်လုပ်နေသည့် ပုံစံမျိုးဖြင့် မည်သို့မျှ မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုပုံစံဟောင်းကို စွန့်လွှတ်ပြီး မိမိတို့၏ အနုပညာမာနနှင့် ဂုဏ်သိက္ခာအတွက် တစ်ကားဆိုတစ်ကား အချိန်၊ ငွေကြေး၊ လူ၊ ပစ္စည်းအင်အားများ အပြည့်အဝစိုက်ထုတ်ပြီး ကြိုးပမ်းမှသာ အဆင့်အတန်းနှင့် အရည်အသွေးမြင့်မားမှုဆိုသည်ကို မျှော်မှန်း၍ရမည်ဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ ယခုကဲ့သို့ အဆင့်အတန်း အရည်အသွေးမြင့်မားသည့် ဇာတ်ကားများကို ထုတ်လုပ်နိုင်လျှင် ပြည်ပသို့ ထိုးဖောက်ပြသနိုင်ပြီး အကျိုးအမြတ်များ ယခုထက် ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

နောက်တစ်ချက်မှာ ရုပ်ရှင်သည် ပြည်သူအပေါ် ဩဇာလွှမ်းမိုးသက်ရောက်မှု ကြီးမားလှကြောင်း၊ ထို့ကြောင့် ရုပ်ရှင်လောကသားများအနေဖြင့် ယနေ့လူငယ်များအတွက် စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ စံပြဖြစ်အောင် နေထိုင်ကျင့်ကြံကြရမည်ဖြစ်ကြောင်း၊ ထို့အတူ ဝတ်စားဆင်ယင်မှု၊ အပြုအမူ၊ အနေအထိုင်၊ စကားအသုံးအနှုန်းကစပြီး မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့လူမှုတန်ဖိုးများနှင့် ကိုက်ညီအောင် ထိန်းသိမ်းဖော်ထုတ်တင်ပြပေးကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၏ မြင်ကွင်းများ၊ လူမှုဓလေ့စရိုက်များကို ပုံဖော်တင်ပြရာတွင် နိုင်ငံနှင့်လူမျိုး၏ မျက်နှာ၊ ဂုဏ်သိက္ခာနှင့် တန်ဖိုးကို အများကလေးစားတန်ဖိုးထားလာအောင် ထင်ဟပ်ဖော်ကျူးသင့်ကြောင်း၊ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာသေးသိမ်အောင်၊ အထင်သေးခံရအောင် သရုပ်ဖော်မှုကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်း

တစ်ဖက်ကလည်း မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ဇာတ်ကားများ အရည်အသွေး မြင့်မားလာအောင်၊ ပြည်ပ၌ပြသနိုင်အောင် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းရိုက်ကူးထုတ်လုပ်ပြီး Analogue စနစ်မှ Digital စနစ်အထိ မြှင့်တင်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ယနေ့အခါပြည်တွင်း၌ Digital စနစ်နှင့် အရည်အသွေးမီ အဆင့်မြင့်ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရေး ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် အထူးဝမ်းသာအားရ ဖြစ်မိကြောင်း၊ ပိုမိုအောင်မြင်ရေးအတွက် အများစုကပါ Digital စနစ်သုံးပြီး ရိုက်ကူးလာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့အပြင် ရိုက်ကူးထုတ်လုပ်သည့် ရုပ်ရှင်ဇာတ်ကားများ၏ အရည်အသွေး တိုးတက်မြင့်မားလာသော်လည်း ပြသသည့်စနစ် အဆင့်မမီလျှင် ရုပ်ရှင်ဇာတ်ကားကောင်းတစ်ကား၏ ရသကို မည်သို့မျှ အပြည့်အဝကြည့်ရှုခံစားနိုင်မည်မဟုတ်ကြောင်း၊ထို့ကြောင့် လက်ရှိအသုံးပြုပြသနေသည့် ရုပ်ရှင်ရုံများ ခေတ်မီအောင်၊ အဆင့်မြင့်အောင် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ယင်းမူနှင့်အညီ လက်ရှိအသုံးပြုပြသဆဲရုပ်ရှင်ရုံများ၏ အသံစနစ်ပြုပြင်ခြင်းနှင့် ပြစက်များအဆင့်မြှင့် တင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေသည်ကို တွေ့ရသည့်အတွက်လည်း ဝမ်းသာကြောင်း၊ ဆက်လက်ပြီး တစ်ပြည်လုံးတွင်

စာမျက်နှာ ၄ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနွဲ့တို့ ၂၀၀၇ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြစဉ်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၇ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံးရုပ်ရှင်တေးဂီတဆုရရှိသော စိန်မွတ်တာအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုရရှိသော မောင်ယဉ်အောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုရရှိသော ကျောက်ဖြူ(ပဒေသာ)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

8-2 (03).pmd 1 2/8/2009, 4:15 AM

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုရရှိသော မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရရှိသော မိုးဒီအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှအဆက်

ပြီးမြောက်အောင် တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ၌ လူ၄၀၀၊ ၅၀၀ဆံ့ရုပ်ရှင်ရုံကြီးများအစား အရောင်းခန်းမ၊ အလှပြင်ခန်း၊ ကိုယ်ကာယ လေ့ကျင့်ခန်းစသည့် ဝန်ဆောင်မှုများနှင့်တွဲပြီး ကြည့်ရှုသူ ၅၀၊ ၁၀၀ဆံ့သည့် ရုပ်ရှင်ရုံငယ် များပါဝင်သော Cinema Complex စနစ်၊ Digital Cinema စနစ်တို့ကို ကူးပြောင်း ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဆီတွင်လည်း Cinema Complex များ၊ Digital Cinema ရုပ်ရှင်ရုံများ တည်ဆောက်ပြသနိုင်ရေးကို တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

လုပ်ငန်း(၅)ရပ်

နောက်တစ်ချက်မှာ အရည်အသွေးမြင့်သည့် ရုပ်ရှင်ဇာတ်ကားကောင်းများ ထုတ်လုပ်နိုင်ရေးအတွက် မိမိတို့၌ နိုင်ငံတကာနည်းတူ Studio ကြီးများရှိရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ Studio ကြီးများထူထောင်နိုင်ရေးအတွက်လည်း ရုပ်ရှင်လောကသားများ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ၊ အစည်းအရုံးနှင့်ပူးပေါင်း၍ဖြစ်စေ အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်လှကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မူဘောင်နှင့်အညီ တတ်နိုင်သောကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့်လုပ်ငန်းရှင်များက လက်ငင်းအကောင်အထည်ဖော်ရမည့် လုပ်ငန်း(၅)ရပ်ကို ချမှတ်အကြံပေးထားပြီးလည်း ဖြစ်ကြောင်း၊ အခွင့်အခါသင့်၍ ရုပ်ရှင်လောကသားများ ထပ်မံသိရှိ ကြိုးပမ်းနိုင်အောင်နှင့် ပူးပေါင်းဆောင်ရွက်နိုင်အောင် ပြန်လည်ပြောကြားရမည်ဆိုလျှင်-

(၁) နိုင်ငံတော်မှ မူဘောင်နှင့်အညီ ပံ့ပိုးပေးမှုဖြင့် ခေတ်မီ Studio များကို တစ်ဦးတည်းဖြစ်စေ၊ အများနှင့်ဖြစ်စေ ပူးပေါင်းတည်ဆောက်ရန်။

(၂) ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ခြင်း၊ ကူးဆေးခြင်း၊ ပြသခြင်းလုပ်ငန်းများကို ပြည်ပနိုင်ငံများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရန် နှင့် ပြည်ပသို့ပါ ထိုးဖောက်ပြသနိုင်ရေး ဆောင်ရွက်ရန်။

(၃) ရုပ်ရှင်ရိုက်ကူး ထုတ်လုပ်ပြသမှုကို Analogue မှ Digital သို့ ကူးပြောင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်။

(၄) ပုဂ္ဂလိကပိုင်နှင့် နိုင်ငံတော်ထံမှ ငှားရမ်းလုပ်ကိုင်နေကြသည့် ရုပ်ရှင်ရုံများကို အသံစနစ်၊ ပြသမှုစနစ်များ ခေတ်မီအောင် ပြုပြင်တည်ထောင်သွားကြရန်။

(၅) တစ်ပြိုင်နက်တည်း နိုင်ငံတကာအဆင့်မီ Cinema Complex များ၊ Digital Cinema ရုံများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ကြရန်တို့ ဖြစ်ကြောင်း။

တက်ညီလက်ညီ

မိမိတို့အနေဖြင့် မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများဆောင်ရွက်ရမည့် ရည်မှန်းချက်(၅)ရပ်၊ အခြေခံလုပ်ငန်းစဉ်(၁၂)ရပ်ကို ၂၀၀၅ခုနှစ်လောက်ကတည်းက ချမှတ်အကြံပြုခဲ့ပြီးဖြစ်ကြောင်း၊ ယင်းရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ အောင်မြင်အောင် အားလုံးတက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါဟု ထပ်မံတိုက်တွန်း မှာကြားလိုကြောင်း၊ ယင်းလုပ်ငန်းများ အောင်မြင်စေရန်အတွက် ပူးပေါင်းဆောင်ရွက်ကြသည့်နေရာ၌ အခက်အခဲများ၊ ဝိရောဓိများ၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့ကောင်း ကြုံတွေ့ကြရမည် ဖြစ်ကြောင်း၊ ထိုသို့ ကြုံတွေ့လာသော အခက်အခဲများ၊ ဝိရောဓိများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရာတွင်-

(၁) ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ရည်မှန်းချက်၊

(၂) အတ္တပရမ္မုတစွာ ဆောင်ရွက်မှု၊

(၃) ခွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းဆောင်ရွက်မှု၊

(၄) စည်းလုံးညီညွတ်မှု၊

(၅) ပူးပေါင်းဆောင်ရွက်မှု၊

(၆) စိတ်ရှည်သည်းခံ နားလည်ခွင့်လွှတ်မှု

ဆိုသည့်အချက်များကို အခြေခံပြီး ဖြေရှင်းဆောင်ရွက်သွားကြမည်ဆိုလျှင် မအောင်မြင်နိုင်စရာမရှိဘူးဟု ယုံကြည်မိကြောင်း ယခုကဲ့သို့ အောင်မြင်နိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့်လည်း အတတ်နိုင်ဆုံး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

အမျိုးသား အကျိုးစီးပွား

ယခုဆက်လက်မှာကြားလိုသည်မှာ ယနေ့ကာလ၌ရုပ်ရှင်လောကသားများအပါအဝင် မီဒီယာလောကသားအားလုံးသည် အမျိုးသား အကျိုးစီးပွား ဘက်တော်သားများဖြစ်ကြရန် ရပ်တည်ခံယူကျင့်သုံးချက် မှန်ကန်ကြရန် အလွန်ပင်အရေးကြီးလှကြောင်း၊ ယေဘုယျခြုံပြောရလျှင် နိုင်ငံနှင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ အကျိုးသည် အမျိုးသားအကျိုးစီးပွားပင်ဖြစ်ကြောင်း၊ ဘက်တော်သားဆိုသည် အမျိုးသားအကျိုးစီးပွားကို အမြဲတမ်းဖော်ဆောင်နေသောသူ၊ ကာကွယ်မြှင့်တင်နေသောသူ၊ အမျိုးသား အကျိုးစီးပွားကို ထိပါးလာမည့် အန္တရာယ်ဟူသမျှကို တားဆီးဖယ်ရှားနေသောသူဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် ရုပ်ရှင်လောကသားများအနေဖြင့် တစ်ဖက်က ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ

၂၀၀၇ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်ပွဲသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အကျိုးစီးပွားကိုဖော်ဆောင်ရင်း အခြားတစ်ဖက်ကလည်း နိုင်ငံနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ရန်၊ ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်ကို အလေးအနက်အသိပေးမှာကြားလိုကြောင်း၊ အနုပညာရှင်များအနေဖြင့် လွတ်လပ်ရေးအကြိုကာလကတည်းက ပြည်သူများ၏ မီးခဲပြာဖုံး အမျိုးသားရေးစိတ်ဓာတ်ကို အနုပညာဖြင့် နှိုးဆွပေးနိုင်ခဲ့သကဲ့သို့ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးထိန်းသိမ်းမှုကာလများ၌လည်း အမျိုးသားရေးအတွက် ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ပါဝင်ထမ်းရွက်ခဲ့ကြသည့် အစဉ်အလာကောင်းများကို ပိုင်ဆိုင်ထားပြီးသားဖြစ်ကြောင်း၊ ယခု နိုင်ငံတော်တည်ဆောက်ရေးကာလများတွင်လည်း အမျိုးသားအကျိုးစီးပွားအတွက် ရပ်တည်ခံယူချက်မှန်ကန်စွာဖြင့် တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်သွားကြရမည် ဖြစ်သည်ဟု တိုက်တွန်းမှာကြားလိုကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

ယနေ့အခါတွင် ပြည်သူ့ဆန္ဒနှင့်အညီ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရန် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တကယ်တမ်းတွင် ဤမူဝါဒလမ်းစဉ်(၇)ရပ်သည် ယနေ့မိမိတို့နိုင်ငံ၏ ပကတိအရှိတရားအရ ပြည်သူများလိုလားသည့် ရည်မှန်းချက်ပန်းတိုင်ကို မျက်မှောက်ပြုနိုင်ရန် အကောင်းဆုံးလမ်းကြောင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာ၊ တည်ငြိမ်စွာ ကူးပြောင်းနိုင်ရေးအတွက် အန္တရာယ်အကင်းဆုံးနှင့် အသင့်မြတ်ဆုံးလမ်းကြောင်းလည်းဖြစ်ကြောင်း၊ ယခုဆိုလျှင် မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်(၄)ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူပြီး ပြည်သူအားလုံး၏ တစ်ခဲနက်ထောက်ခံမဲဖြင့် အတည်ပြုနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ အဆင့်(၅)ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကြီးကိုလည်း ၂၀၁၀ပြည့်နှစ် တွင် အောင်မြင်စွာ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများလိုလားသည့် ဒီမိုကရေစီ

၂၀၀၇ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရရှိကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဖော်ဆောင်ရေးအတွက် ၂၀၁၀ရွေးကောက်ပွဲကြီး အောင်မြင်အောင် ရုပ်ရှင်လောကသားများအနေဖြင့်လည်း ကျရာအခန်းကဏ္ဍမှ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် တာဝန်ကျေပွန်စွာ ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း။

မကြာမီအချိန်အတွင်း ၂၀၀၇ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများကို တစ်ဆုချင်းကြေညာပြီး ချီးမြှင့်တော့မည်ဖြစ်ကြောင်း၊ ရုပ်ရှင်ထူးချွန်ဆုရွေးချယ်သည့်နေရာတွင်လည်း ယခင်နှစ်များနည်းတူ ရုပ်ရှင်ဥပဒေပါ အခြေခံမူ(၇)ရပ်ကိုအခြေခံပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ချီးမြှင့်ရေး အကဲဖြတ်အဖွဲ့အဆင့်ဆင့်က ထူးချွန်ဆုတစ်ဆုချင်းကို သတ်မှတ်ပေးထားသော စံချိန်စံညွှန်းများနှင့်အညီ ဆန်းစစ်၊ စိစစ်အကဲဖြတ် ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ၂၀၀၇ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၁၀ကားကို အပြန်ပြန်အထပ်ထပ်ကြည့်ရှုအကဲဖြတ်ကာ အရည်အသွေးကို အခြေခံပြီး အရည်အသွေးပြည့်မီသူ၊ ထိုက်တန်သူများကိုသာ သက်ဆိုင်ရာဆုအလိုက် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် ထူးချွန်ဆုဆွတ်ခူးကြမည့် ရုပ်ရှင်ပညာရှင်များအနေဖြင့် ထပ်ဆင့်ထူးချွန်ဆုများရရှိအောင် ဆက်လက်ကြိုးပမ်းသွားရန်နှင့် ဆုမရကြသေးသူများအနေဖြင့်လည်း နောင်နှစ်များတွင် ထူးချွန်ဆုဆွတ်ခူးနိုင်အောင် ကြိုးစားသွားကြရန်တိုက်တွန်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်-

- **ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဦးတည်ဆောင်ရွက်ကြရမည့် ရည်ရွယ်ချက် (၅)ရပ်၊ လက်ငင်းအကောင်အထည်ဖော်ရမည့်လုပ်ငန်း(၅)ရပ်နှင့် အခြေခံလုပ်ငန်းစဉ် (၁၂)ရပ်တို့ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ကြပါ။** *စာမျက်နှာ ၅ ကော်လံ ၄ သို့*

8-2 (04).pmd 1 2/8/2009, 4:15 AM

အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုရ ကိုးဆယ်ဆသာလိမ့်မယ် ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ မောင်ယဉ်အောင်အား ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

✳ ကျောဖုံးမှ

မင်္ဂလာညချမ်း

ညနေ ၅နာရီကတည်းက ရုပ်ရှင်အနုပညာရှင်များ တဖွဲဖွဲ ရောက်လာကြရာ ပရိသတ်များက ဝိုင်းဝန်းပြီး နှုတ်ဆက်ကြ၊ အမှတ်တရ လက်မှတ်ရေးထိုးခိုင်းကြနှင့် ပျော်ရွှင်ကြည်နူးစရာ အကယ်ဒမီ မင်္ဂလာညချမ်းပင်ဖြစ်သည်။

စင်မြင့်ယာဘက်၌ တေးသံရှင်များ၊ ရုပ်ရှင်အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိရာ ဂီတသံစဉ်များနှင့် ငြိမ့်ညောင်းသာယာစွာ ဖုံးလွှမ်းလျက်ရှိသည်။ အကယ်ဒမီဆုအတွက် ကြိုတင် နာမည်သတင်းကြီးနေသော အနုပညာရှင်များအေး၌ ဝိုင်းအုံနေသော မီဒီယာသမားများကလည်း မေးမြန်းကြ၊ ဓာတ်ပုံရိုက်ကြနှင့် လှုပ်ရှားသက်ဝင်လျက်ရှိသည်။

မီးရှူးမီးပန်း

အကယ်ဒမီ ဆုချီးမြှင့်ပွဲ စတင်ကြေညာသည့်အခါ စင်မြင့်ထက်မှ မီးရှူးမီးပန်းများ ဖောက်လွှတ်လိုက်ရာ အခမ်းအနားတစ်ခုလုံး လင်းထိန်သွားသည်။ ၂၀၀၇ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို ပထမဆုံးကြေညာရာ စိန်မွတ်တားက ဆွတ်ခူးရရှိသွားသည်။ **"ကိုးဆယ်ဆသာလိမ့်မယ်"** ရုပ်ရှင်ဇာတ်ကားဖြင့် ရုပ်ရှင်တေးဂီတဆုရရှိခဲ့သည့် စိန်မွတ်တားသည် ၂၀၀၄ခုနှစ်က **"ပန်းဒဏ္ဍာရီ"** ရုပ်ရှင်ဇာတ်ကားဖြင့် ရုပ်ရှင်တေးဂီတဆု ရရှိခဲ့သေးသည်။ ဆုကြေညာအပြီးတွင် စိန်မွတ်တားက **"တကယ့်ကို ဝမ်းမြောက်စရာပါပဲ၊ မြန်မာ့ရိုးရာတေးဂီတနဲ့ ပတ်သက်ပြီး အခုလို အကယ်ဒမီဆု ချီးမြှင့်ခံရတာ ဆက်ပြီးကြိုးစားဖို့ ခွန်အားတွေရှိခဲ့ပါပြီ ကျွန်တော်တို့ တတ်မြောက်ထားတဲ့ တေးဂီတအနုပညာနဲ့ မြန်မာ့အနုပညာ ဖွံ့ဖြိုးတိုးတက်အောင် ဆတက်တိုးပြီး ကြိုးစား သွားမှာပါ"** ဟု ဝမ်းသာအားရ ပြောကြားသွားသည်။

အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရရှိသော မိုးဒီအား ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။ (မြန်မာ့အလင်း)

ဆက်လက်ပြီး ကြေညာသောဆုမှာ ဒါရိုက်တာဆုဖြစ်သည်။ အကောင်းဆုံး ဒါရိုက်တာဆုကို ဒါရိုက်တာမောင်ယဉ်အောင်က **"ကိုးဆယ်ဆသာလိမ့်မယ်"** ရုပ်ရှင်ဇာတ်ကားဖြင့် ရရှိခဲ့သည်။ ဆုကြေညာပြီးနောက် **"ကျွန်တော့်ဘဝမှာ အမှတ် တရမှတ်တိုင်ပါပဲ၊ ပြောမပြနိုင်အောင် ဝမ်းသာရပါတယ်၊ အညာဒေသရဲ့အငွေ့အသက်တွေ ထုံလွှမ်းနေတဲ့ ဒီရုပ်ရှင်ဇာတ်ကားကို ရိုက်ကတည်းက စိတ်ထဲ တစ်မျိုးခံစားခဲ့ရပါတယ်။ အားလုံးက ဝိုင်းပြီးကူညီခဲ့ကြလို့လည်း အခုလို အကယ်ဒမီဆုဆွတ်ခူးနိုင်တာပါ"**ဟု ဖြေကြားသွားသည်။ မီဒီယာသမားများ၏ ကင်မရာမီးရောင်တဖျပ်ဖျပ်ကြားမှ တိုးထွက်ခဲ့ရသည်။

ထို့နောက် အကောင်းဆုံးဇာတ်ကားဆုကိုကြေညာရာ **"ကိုးဆယ်ဆသာလိမ့်မယ်"** ရုပ်ရှင်ဇာတ်ကားက ဆွတ်ခူးရရှိသွားသည်။ မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူး ထုတ်လုပ်ခဲ့သော ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

ဆက်လက်ပြီး အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုကို ကြေညာရာ မီဒီယာသမားများက ကင်မရာကိုင်ပြီး ကြိုတင်ရှာဖွေနေချိန်မှာပင် ကျောက်ဖြူ(ပဒေသာ)ဟု ကြေညာလိုက်ရာ မီးဆလိုက်များက ရှာဖွေထိုးပြလိုက်ရာ မီဒီယာသမားများဝိုင်းအုံကာ ဓာတ်ပုံရိုက်ကြ၊ အနုပညာရှင်များက ဝိုင်းဝန်းဂုဏ်ပြုကြသဖြင့် ဝိုင်းဝိုင်းလည်နေတော့သည်။ ထို့နောက် ကျောက်ဖြူ(ပဒေသာ)ကို မေးမြန်းရာ **"ဒီဆုဟာ ကျွန်တော့်အတွက် တတိယအကြိမ်ရတဲ့ဆုပါ။ မျှော်လင့်မထားခဲ့ပါဘူး။ အခုဆုရတဲ့ "ငါ့ဓား၊ ငါ့သွေး၊ ငါ့ရောဝတီ" ရုပ်ရှင်ဇာတ်ကားမှာ ကျွန်တော့်အနေနဲ့ သိထား၊ တတ်ထားသမျှ ဓာတ်ပုံပညာတွေကို အကုန်ထုတ်သုံးခဲ့ရတယ်…။ အပင်ပန်းခံပြီး တကယ့်ကို ကြိုးစားရိုက်ကူးခဲ့ရတာပါ…။ ကျွန်တော့်ဘဝအတွက် အနုပညာမှတ်တိုင်အဖြစ် ထပ်ပြီးစိုက်ထူနိုင်ခဲ့ခြင်း ဖြစ်ပါတယ်"**ဟု အားတက်သရော ဖြေကြားသွားသည်။ မေးမြန်းနေစဉ် လာရောက်နှုတ်ဆက်နေကြသူများ ဝိုင်းအုံလာသဖြင့် ထွက်ခဲ့ရသည်။

ဦးမိုးဒီ

တစ်ဖန် အကောင်းဆုံးအမျိုးသား ဇာတ်ပို့ဆုကိုကြေညာရာ **"ကိုးဆယ်ဆသာလိမ့်မယ်"**ရုပ်ရှင်ဇာတ်ကားမှ မိုးဒီက ဆွတ်ခူးရရှိကြောင်း ကြေညာလိုက်ရာ ဦးမိုးဒီ ဘေးပတ်လည်တွင် လူအုပ်ကြီးဖြစ်သွားပြီး မီးဆလိုက်က ထိုးပြထားသလို ဓာတ်ပုံမီးများကလည်း မျက်စိကျိန်းမတတ် တဖျပ်ဖျပ်ရိုက်နေသဖြင့် ခေတ္တစောင့်ဆိုင်းပြီးမှ အကယ်ဒမီခံစားမှုကို မေးမြန်းရသည်။

"ကျွန်တော့်အနုပညာသက်တမ်းမှာ ပထမဆုံးရရှိတဲ့ အကယ်ဒမီဆုဆိုတော့ ဝမ်းသာမှုကတော့ ပြောမပြတတ်အောင်ပါပဲ။ ဒီရုပ်ရှင်ဇာတ်ကားရိုက်ကတည်းက ခံစားမှုအပြည့်နဲ့ ဇာတ်ကောင်စရိုက်ကို ပီပြင်အောင် သရုပ်ဆောင်ခဲ့တယ်။ သရုပ်ဆောင်ခဲ့တာ အားရတော့ မမျှော်မှန်းဝံ့ပေမယ့် မျှော်လင့်မှုတော့ရှိတာပေါ့။ ဒါပေမယ့် အကယ်ဒမီဆိုတာ လွဲတတ်လွန်းလို့ အများကြီးမမျှော်လင့်ခဲ့ပါဘူး။ အခုတော့ ကျွန်တော့်အတွက် အနုပညာအားတွေ အရင်ထက်ပိုပြီး နိုးကြားစေခဲ့ပါပြီ"ဟု အပြုံးဖြင့် ဖြေကြားသွားသည်။ မိုးဒီကို ဝိုင်းဝန်းနှုတ်ဆက်သူတွေကလည်းမနည်း။ အနုပညာရှင်များ ချစ်ခင်သောမိုးဒီကို ပရိသတ်တွေကလည်း ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ဆက်ကြသည်။ မိုးဒီ၏ အောင်မြင်မှုကား အပြုံးပျော်များဖြင့် ပြည့်နေသည်။

မဟာမုနိဘုရားကြီး၏ အကြိမ်(၅၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

မန္တလေးမြို့ မဟာမုနိဘုရားကြီး၏ အကြိမ်(၅၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ၉ရက် နံနက်၆နာရီတွင် စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ၊ ဖေဖော်ဝါရီ၁၇ရက် မွန်းလွဲ၁နာရီတွင် အကြိမ်(၂၀)မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၂-၃၈၂၄၇၊ ၆၃၄၁၁၊ လိုင်းခွဲ-၁၀၁၊ ၃၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

- **မြန်မာရုပ်ရှင်ဇာတ်ကားများ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် လိုအပ်မည့်စက်ပစ္စည်းများ၊ Studio များ၊ ပြည်ပနှင့်ပူးပေါင်းရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရုပ်ရှင်ပြသရေးစနစ်နှင့်ရုပ်ရှင်ရုံများကို နိုင်ငံတကာအဆင့်မီဖြစ်အောင် ကြိုးပမ်းတည်ဆောက်ကြပါ။**
- **မြန်မာ့ရုပ်ရှင်ဈေးကွက်ကို ပြည်ပသို့ပါ တိုးချဲ့နိုင်အောင် ဆောင်ရွက်ကြပါ။**
- **မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်၊ အမျိုးသားစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေးကို ရုပ်ရှင်ပညာဖြင့်ကူညီပံ့ပိုးဆောင်ရွက်ကြပါ။**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ် ပေါက်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ၂၀၀၇ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရရှိကြသည့် အမည်စာရင်းများကို အကယ်ဒမီဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များက ကြေညာကြရာ-

အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို ကိုးဆယ်ဆသာလိမ့်မယ် ရုပ်ရှင်ဇာတ်ကားမှ စိန်မွတ်တားကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို ကိုးဆယ်ဆသာလိမ့်မယ် ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ မောင်ယဉ်အောင်ကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် ကိုးဆယ်ဆသာလိမ့်မယ် ရုပ်ရှင်ဇာတ်ကားကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုကို ငါ့ဓား၊ ငါ့သွေး၊ ငါ့ရောဝတီရုပ်ရှင်ဇာတ်ကားမှ ကျောက်ဖြူ(ပဒေသာ)ကလည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို ကိုးဆယ်ဆသာလိမ့်မယ်ရုပ်ရှင်ဇာတ်ကားမှ မိုးဒီကလည်းကောင်း၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို ကိုးဆယ်ဆသာလိမ့်မယ် ရုပ်ရှင်ဇာတ်ကားမှ ကျော်ရဲအောင်က လည်းကောင်း ရရှိကြောင်းကြေညာပြီး ဆုတစ်ဆုချင်းအလိုက် ရှင်းလင်းချက်များနှင့်အတူ အကောင်းဆုံးသရုပ်ဆောင်မှုအပိုင်းများကို ထုတ်နုတ်ပြသသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၇ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများအား ရွှေစင်ရုပ်ဆုကို တစ်ဦးချင်းသို့ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၇ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရရှိကြသူများက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးတို့အား သွားရောက်ဂါရဝပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ၂၀၀၇ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုရရှိသော ကိုးဆယ်ဆသာလိမ့်မယ် ရုပ်ရှင်ဇာတ်ကားရိုက်ကူးထုတ်လုပ်သူအား ဂုဏ်ပြုနှုတ်ဆက်စဉ်။ (မြန်မာ့အလင်း)

ကျော်ရဲအောင်

ထို့နောက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို ကြေညာရာ မကြေညာမီကပင် ပရိသတ်ကြီးက **"ဟေး…ဟေး"** နှင့်သံပြိုင်ပြုကာ ကျော်ရဲအောင်နှင့် လူမင်းတို့ဘက်သို့ ဦးတည်နေရာမှ **"ကျော်ရဲအောင်"** ဟု ကြေညာလိုက်ရာ ပရိသတ်ကြီး ဆူညံစွာ အားပေးလက်ခုပ်တီးသံ ဟိန်းထွက်လာသည်။

ကျော်ရဲအောင်ပတ်လည်တွင် ဂုဏ်ပြုနှုတ်ဆက်သူတွေ ဝိုင်းဝိုင်းလည်သွားသည်။ ဗီဒီယိုမီးများ၊ ကင်မရာမီးများနှင့် ဆလိုက်မီးများအောက်ဝယ် အပြုံးအပျော်များဖြင့် အတောမသတ်နိုင်၊ လူအုပ်ကြားအတင်းဝင်ပြီး မေးမြန်းရာ **"ကျေနပ်ဝမ်းသာမှုတွေ ရင်နဲ့အပြည့်ပါပဲ၊ ကျွန်တော့်ရဲ့ အနုပညာစွမ်းအားရှိသမျှ ကြိုးစားပြီး သရုပ်ဆောင်ခဲ့တာမို့ အခုလို အကယ်ဒမီဆု ရရှိတယ်လို့ ခံစားမိပါတယ်။ အကယ်ဒမီတစ်ဆုရတိုင်း ဒီထက်ပိုပြီး ကြိုးစားရမယ်ဆိုတဲ့ အင်အားတွေဖြစ်ပေါ်ရပါတယ်၊ ကျွန်တော်ရဲ့ အနုပညာမောင်နှမတွေကို ကျေးဇူးတင်သလို အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်၊ ကျွန်တော်ဆက်ပြီး ကြိုးစားသွားမှာပါ"**ဟု ဖြေကြားသွားသည်။

ရင်ခုန်သံများလွှမ်းခဲ့သော အကယ်ဒမီညချမ်းကား အပြုံးအပျော်များဖြင့် ဖုံးလွှမ်းခဲ့ပါကြောင်း အကယ်ဒမီညမြင်ကွင်းအဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။ ॥ (မြန်မာ့အလင်း)

အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုရ စိန်မွတ်တားအား ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။ (မြန်မာ့အလင်း)

8-2 (05).pmd 1 2/8/2009, 4:15 AM

ရိုဟင်ဂျာဆိုတာ မြန်မာလည်း မဟုတ် မြန်မာနိုင်ငံမှာလည်း မရှိ

မောင်ဖိုးမှတ်

၁၉၉၁ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံ ၁၅ခုဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စု ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံများ (ဆိုဗီယက်)သည် ပြိုကွဲသွားကာ ၁၅နိုင်ငံသီးခြားစီခွဲထွက်ခဲ့ကြသည်။ ယင်းသို့ ကွဲထွက်သွားသောနိုင်ငံအချို့ ဥပမာ-ရုရှသမ္မတနိုင်ငံ အတွင်းရှိ ချေချင်ညာဒေသမှ မွတ်ဆလင်များက ခွဲထွက်ရန် ပုန်ကန်၏။ အလားတူ တာတာစတန်ဒေသတွင်လည်း ကွဲအက်ရေး၊ခွဲထွက်ရေး ပုန်ကန်မှုများ ဖြစ်ပွားခဲ့သည်။ ရုရှအစိုးရက နိုင်ငံမပြိုကွဲအောင် ခွဲထွက်ရေးသူပုန်များကို နှိမ်နင်းသည်။ အမေရိကန်နှင့် ဥရောပနိုင်ငံများသမဂ္ဂက ချေချင်ညာ သူပုန်များကို အားပေးသည်။ သူပုန် သံအဖွဲ့များကိုပင် ဝါရှင်တန်၊ လန်ဒန်တို့၌ လက်ခံထားခဲ့သည်။ ခွဲထွက်မှုဟန့်တားသော ရုရှအစိုးရကို ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ လူမျိုးတုံး သတ်ဖြတ်မှုများဖြင့် စွပ်စွဲအပုပ်ချသည်။

ဆိုဗီယက်ပြည်ထောင်စုဝင်ဟောင်း နိုင်ငံတစ်ခုဖြစ်သည့် ဂျော်ဂျီယာနိုင်ငံမှ တောင်အိုဆက်တီးယားဒေသ၊ အက်ဘ်ခါဇီးယားဒေသတို့လည်း ခွဲထွက်ကြ၏။ ပြည်ပ ပယောဂများကို အကြောင်းပြုပြီး ခွဲထွက်မှုများ ဖြစ်ပွားရခြင်းဖြစ်သည်။ အမေရိကန်နှင့် ဥရောပသမဂ္ဂသည် ဆိုဗီယက်မှ ခွဲထွက်လာသောနိုင်ငံများ၊ အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံဟောင်းများကို နေတိုးစစ်အုပ်စုထဲ ဆွဲသွင်းလာခဲ့သည်။ ဆိုဗီယက်မှ ခွဲထွက်ခဲ့သော ယူကရိန်း၊ဂျော်ဂျီယာ၊ဥဇဘက်ကစ္စတန်၊ခါဂျစ်ကစ္စတန်စသည့်နိုင်ငံများတွင် စည်းလုံးမှုပြိုကွဲစေရန် သွေးခွဲခြင်း၊ အုပ်စုခွဲခြင်း၊ အနောက်အုပ်စုက မကြိုက်သော အစိုးရပြုတ်ကျပြီး အနောက်ဩဇာခံဖြစ်စေရန် အဝါရောင်တော်လှန်ရေး၊ လိမ္မော်ရောင်တော်လှန်ရေး၊နှင်းဆီရောင်တော်လှန်ရေး စသည့် အရောင်ခြယ် ဆူပူပြိုကွဲမှုများ ဖန်တီးလာခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုအတွင်း အတူနေထိုင်ကြစဉ်က ချစ်ကြည်သင့်မြတ်ခဲ့ကြပြီး ပြည်ထောင်စုမှ ခွဲထွက်လာသောအခါ တိုက်ခိုက်လာခဲ့ကြသည်။ ဥပမာ-အဇာဘိုင်ဂျန်နိုင်ငံနှင့် အာမေးနီးယန်းနိုင်ငံတို့ နယ်မြေလုစစ်ပွဲ ဖြစ်ပွားခဲ့ရသည်။

အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံတစ်ခုဖြစ်သော ချက်ကိုဆလိုဗေကီးယားဆိုရှယ်လစ်နိုင်ငံသည် ဆိုရှယ်လစ်အစိုးရများ ပြုတ်ကျပြီးနောက် ချက်သမ္မတနိုင်ငံနှင့် ဆလိုဗက်သမ္မတနိုင်ငံဟူ၍ ကွဲထွက်သွားခဲ့သည်။ ဥရောပ အရှေ့တောင်ပိုင်း ဘော်လ်ကန်ဒေသမှ ယူဂိုဆလားဗီးယား ပြည်ထောင်စုသည် နိုင်ငံခြောက်ခုဖြင့် တည်ထောင်ခဲ့သည့် ဆိုရှယ်လစ်ပြည်ထောင်စုဖြစ်သည်။ ယူဂိုဆလပ်ပြည်ထောင်စုသမ္မတ မာရှယ်ဘရွန့်စ်တီးတိုးလက်ထက်က စည်းလုံးခဲ့ကြသည်။ ၁၉၉၂ခုနှစ်မှစပြီး ယူဂိုဆလပ်ပြည်ထောင်စုပြိုကွဲကာ ခြောက်နိုင်ငံ သီးခြားစီ ဖြစ်သွားခဲ့သည်။ ပြည်ပ ပယောဂ၏ စနက်ပင်ဖြစ်သည်။ ယူဂိုဆလပ်ပြည်ထောင်စု၏ ပြည်မသည် ဆာဘီးယားနိုင်ငံဖြစ်သည်။ ဆာဘီးယားနိုင်ငံသား ဆာ့ဘ်လူမျိုးတို့သည် ဒုတိယကမ္ဘာစစ်အတွင်း ဟစ်တလာ၏ နာဇီဂျာမန်များ၊ မူဆိုလီနင်၏ ဖက်ဆစ်အီတလီတပ်များကို ပြောက်ကျားစစ်ဖြင့် တိုက်ခိုက်ရာ၌ သမိုင်းပြောင်ခဲ့သည်။ အမေရိကန်သည် ယူဂိုဆလပ်မှ ခွဲထွက်သည့် ဘော့စနီးယား ဟာဇီဂိုဗီးနားနိုင်ငံမှ မွတ်ဆလင်များကို ထောက်ပံ့ကူညီခဲ့သည်။ ရုရှနိုင်ငံမှ ခွဲထွက်ပုန်ကန်နေသော ချေချင်ညာသူပုန် မွတ်ဆလင်များကိုလည်း ကူညီပံ့ပိုးခဲ့သည်။ ယင်းမွတ်ဆလင်များကို လိုလားလွန်း၍မဟုတ်၊ မွတ်ဆလင်များက ဆိုရှယ်လစ် (ကွန်မြူနစ်)အစိုးရများကို ဆန့်ကျင်တွန်းလှန်ခွဲထွက်မှုကို အားပေးလို၍ ဖြစ်သည်။ ကွန်မြူနစ်ဖြိုချရေး မဟာဗျူဟာ အရသာဖြစ်သည်။

ဆာဘီးယားနိုင်ငံ၏ အစိတ်အပိုင်းဖြစ်သော ကိုဆိုဗိုပြည်နယ်တွင် အိမ်နီးချင်း အယ်လ်ဘေးနီးယားနိုင်ငံမှ မွတ်ဆလင်များက အစဉ်အဆက် ခိုးဝင် အခြေချနေထိုင်ခဲ့ကြသည်။ ကိုဆိုဗိုမှ အယ်လ်ဘေးနီးယားမျိုးနွယ်များက ကိုဆိုဗိုကို ဆာဘီးယားမှခွဲထွက်ရန် ၁၉၉၀ပြည့်လွန်နှစ်များမှ စ၍ ပုန်ကန်ခဲ့သည်။ နိုင်ငံပြိုကွဲမခံနိုင်၍ ဆာဘီးယားအစိုးရတပ်များက နှိမ်နင်းခဲ့ကြသည်။ အစပိုင်း၌ ကိုဆိုဗို ခွဲထွက်ရေးခေါင်းဆောင်ဟာရှင်ဆာဂီကို မူးယစ်ဆေးဝါးရာဇ၀၊ လူဆိုးဓားပြသာဖြစ်သည်ဟု အမေရိကန်က ပြစ်တင်ရှုတ်ချခဲ့သည်။ ဆာဘီးယားကို ဥရောပ၏ နောက်ဆုံးလက်ကျန်ကွန်မြူနစ်နိုင်ငံအဖြစ် ရှုမြင်ပြီးနောက် အမေရိကန်က ဟာရှင်ဆာဂီကို ထောက်ခံရုံမျှမက ၁၉၉၉ ခုနှစ် မတ်လ ၂၃ ရက်တွင် နေတိုးတပ်များကို အမေရိကန်ကဦးဆောင်ကာ ဆာဘီးယားကို ဝင်တိုက်ခဲ့သည်။ ကိုဆိုဗိုကို နေတိုးတပ်များက အုပ်စီးထားပြီး ကိုဆိုဗိုပြည်နယ်ခွဲထွက်ရေးကို အားပေးခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ကိုဆိုဗိုအား သီးခြားလွတ်လပ်သော နိုင်ငံအဖြစ် အမေရိကန်နှင့်ဥရောပက အသိအမှတ်ပြုလိုက်သည်။ ရုရှအပါအဝင် နိုင်ငံတကာက ကန့်ကွက်နေသည့်ကြားမှ ဆာဘီးယားနိုင်ငံမှ ကိုဆိုဗိုဒေသကို ဖဲ့ထုတ်ပစ်ခဲ့ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသရှိ အီရတ်နိုင်ငံကို အမေရိကန်တပ်များက ၂၀၀၃ခုနှစ် မတ်လ ၁၉ရက်နေ့မှစပြီး ကျူးကျော်တိုက်ခိုက်ခဲ့သည်။ အီရတ်မြောက်ပိုင်းမှ ခွဲထွက်ပုန်ကန်နေသည့် ကာ့ဒ်လူမျိုးများ၊ အီရတ်တောင်ပိုင်းမှ ဆက်ဒမ်ဟူစိန်၏ ဆွန်နီမွတ်ဆလင် အစိုးရကို ပုန်ကန်နေသည့် ရှီးယားမွတ်ဆလင်များကို ၁၉၉၀ပြည့်နှစ် မတိုင်မီကပင်စတင်ပြီး အမေရိကန်က ကူညီသွေးထိုးပေးခဲ့သည်။ ယခုလို အမေရိကန်တို့ အီရတ်ကို ကျူးကျော်သိမ်းပိုက်ပြီး ရေးဆွဲသော ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ကာ့ဒ်လူမျိုးများ အပိုင်း၊ ဆွန်နီအီရတ်များအပိုင်း၊ ရှီးယားအီရတ်များ အပိုင်းဟူ၍ သုံးပိုင်း ခွဲခြား ရေးဆွဲပေးထားသည်။ ကာ့ဒ်လူမျိုးများသည် နိုင်ငံမဲ့လူသားများအဖြစ် ဂျစ်ပစီများကဲ့သို့ ခြေဦးတည့်ရာ လှည့်လည်သွားလာခဲ့ကြရာမှ တူရကီနိုင်ငံတွင် ကာ့ဒ်လူမျိုးများ၏ ၆၀ရာခိုင်နှုန်း၊ အီရန်နှင့် အီရတ်၊ ဆီးရီးယားတို့တွင် ၄၀ရာခိုင်နှုန်းနီးပါး တွယ်ကပ်ခိုလှုံအခြေချ နေထိုင်ရာမှ ယင်းတူရကီ၊ အီရတ်၊ အီရန်၊ ဆီးရီးယားနိုင်ငံမြေများ ဖဲ့ယူပြီး ကာဒစ္စတန်နိုင်ငံ တည်ဆောက်ရန် တူရကီ၊ အီရတ်၊အီရန်တို့တွင် ကာ့ဒ်များက ပုန်ကန်ကြသည်။ အမေရိကန်က ကာ့ဒ်များကို သွေးထိုးမြှောက်ပေးလျက်ရှိသည်။ အာဖရိကနိုင်ငံအချို့မှ ဒေသအချို့ ခွဲထွက်စေခဲ့ပြီး အချို့ ခွဲထွက်ရန် သွေးထိုးသပ်လျှို ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် မူလဒေသခံ မြန်မာ့မြေပေါ်၌ ရှေးပဝေသဏီကတည်းက ပေါက်ဖွားယှဉ်တွဲနေထိုင်ခဲ့သည့် တိုင်းရင်းသား လူမျိုး ၁၀၀ကျော် ရှိပေသည်။ မြန်မာတိုင်းရင်းသားတို့သည် လွတ်လပ်ရေးဆုံးရှုံးစကာလမှ လွတ်လပ်ရေး ပြန်ရသည်အထိ လည်းကောင်း၊ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးလုဆဲ အခြေအနေ၊ ပြည်ထောင်စုကြီး ပြိုကွဲလုဆဲ အနေအထားတို့တွင် အရေးကြီး သွေးစည်းပြီး နိုင်ငံတော်နှင့် အချုပ်အခြာအာဏာ (လွတ်လပ်ရေး)ကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ နယ်ချဲ့ပယောဂများဖြင့် ပြည်ထောင်စုကြီးကို ရှစ်စိတ်ဖြိုခွဲရန် ကြံစည်ကြသည့် ၁၉၆၂ခုနှစ် နှစ်ဦးပိုင်း ဖက်ဒရယ်လှုပ်ရှားမှုကြီးသည် ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက လက်မခံ၍ ချုပ်ငြိမ်းသွားခဲ့ရသည်။

လက်ချိုးရေတွက်၍ ရလောက်သော ပြည်ပြေးတစ်စု၊ ပြည်တွင်းပုဆိန်ရိုးတစ်စုတို့က ပြည်ပမှ ရေးသားပေးသော ဇာတ်ညွှန်းအတိုင်း ပြည်ထောင်စု၏ အစိတ်အပိုင်းအချို့ကို ဖဲ့ထုတ်ခွဲထွက်ရန် မကြံကောင်း မစည်အပ် ကြံစည်လှုပ်ရှားလာတိုင်း တိုင်းရင်းသားများက ထိုကွဲအက်၊ ခွဲထွက်ရေးလုပ်ရပ်များကို တွန်းလှန်ဖယ်ရှားခဲ့ကြသည်ချည်းဖြစ်သည်။

ပြည်ထောင်စုတွင် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုခွန်အား၊ ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားတို့ကြောင့် မြန်မာပြည်ထောင်စုကြီးသည် လည်းကောင်း၊ မြန်မာတို့၏ လွတ်လပ်ရေး(ဝါ) အချုပ်အခြာအာဏာရပ်ကြီးသည်လည်းကောင်း၊ မယိမ်းမယိုင် ခိုင်မာမြဲမြံလျက်ရှိနေပေသည်။ ထိုအခါ မြန်မာတို့၏ စည်းကမ်းတကျ တည်ဆောက်နေသော အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ပန်းတိုင်ခရီးကို ဟန့်တားနှောင့်ယှက်ရန် ကိုလိုနီလက်သစ်အုပ်စုတို့က တစ်မျိုးပြီးတစ်မျိုး လုပ်ကြံဖန်တီးလာပေသည်။

ယနေ့ မြန်မာနိုင်ငံသည် ဘယ်ခေတ်ကာလနှင့်မှ မတူအောင် ငြိမ်းချမ်း သာယာလျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်မှုကလည်း ဘက်ပေါင်းစုံ၊ နေရာဒေသစုံ၌ အံ့မခန်းတိုးတက်နေသည်။ ဒီမိုကရေစီအခင်းအကျင်းများကလည်း ထင်သာမြင်သာရှိလှသည်။ အမျိုးသားညီလာခံက အခြေခံမူများ ချပေးခဲ့သည်။ အခြေခံဥပဒေ ရေးဆွဲရေးကော်မရှင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈)ကို ညီလာခံမူများဖြင့် ရေးဆွဲခဲ့ပြီးဖြစ်သည်။ ပြည်သူတို့ကလည်း ထောက်ခံမဲ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် တစ်ခဲနက်အတည်ပြုခဲ့ပြီး ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲကြီး ကျင်းပတော့မည်။

ယခုအခါ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအတွက် မဲဆန္ဒပေးပြီး ကိုယ်စားလှယ်ကောင်း ရွေးကောက်မည့် ပြည်သူတို့ဘက်က စိတ်အားထက်သန်စွာ အသင့်စောင့်နေကြပြီ။ ပါတီများ မှတ်ပုံတင်ရန် ကြိုတင်စည်းရုံးဖွဲ့စည်းဖို့ စိုင်းပြင်းနေသူများကလည်း တက်ကြွစွာ အသင့်ပြင်နေကြပြီ။ ၂၀၁၀ပြည့်နှစ်ရွေးကောက်ပွဲကြီးတွင် ပုဂ္ဂိုလ်၊ ပါတီ၊ ဂိုဏ်းဂဏ၊ ဝါဒကွဲ၊ ဝါဒစွဲများထက် အမျိုးသားရေးကို အဓိကထားကြရန် အမျိုးသား နိုင်ငံရေးဝါဒီများကလည်း လှုံ့ဆော်နေကြပြီ။ လိုအပ်သော ဥပဒေများ ရေးဆွဲထုတ်ပြန်ခြင်း၊ ပါတီများမှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲကော်မရှင်၏ အစီအစဉ်ဖြင့် ကျင်းပမည့် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်အရွေးခံကြခြင်း၊ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေပြုရေးအာဏာ တာဝန်ခံကျင့်သုံးမည့် ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်၊ပြည်နယ်၊ တိုင်းဒေသကြီးလွှတ်တော် လုပ်ငန်းများ စတင်ခြင်း၊ အုပ်ချုပ်ရေးအာဏာကို တာဝန်ခံစီမံမည့် နိုင်ငံတော်သမ္မတကြီးနှင့် အစိုးရအဖွဲ့များ ဖွဲ့စည်းခြင်း၊ တရားစီရင်ရေးအာဏာ တာဝန်ယူဆောင်ရွက်ရမည့် ပြည်ထောင်စု တရားလွှတ်တော်ပေါ်ထွန်းလာခြင်း စသည့်ဒီမိုကရေစီမူဝါဒ(ဝါ)ဒီမိုကရေစီတည်ဆောက်ရေး လုပ်ငန်းစဉ်ခုနစ်ရပ်တို့သည် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆဲ၊ ဖော်လတ္တံ့ပင်ဖြစ်သည်။ အမျိုးသားညီလာခံ ကျင်းပဆဲကာလ၊ အခြေခံဥပဒေရေးဆွဲရေး ကာလ၊ အခြေခံဥပဒေသစ်ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုသည့် ကာလများတစ်လျှောက် ပြည်တွင်းပြည်ပမှ မသမာသူများက နည်းမျိုးစုံဖြင့် နှောင့်ယှက်ခဲ့ကြသဖြင့် တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှုခွန်အား၊ ပြည်ထောင်စုစိတ်ဓာတ် စွမ်းပကားတို့ဖြင့် ကျော်နင်းဖြတ်သန်းပြီး အောင်မြင်မှုရယူခဲ့ကြရသည်။

ဒီမိုကရေစီစကား တွင်တွင်သုံးပြီး ပြည်သူ့မျက်နှာမထောက်သော ပုဆိန်ရိုးများ၊ အမျိုးသစ္စာဖောက်များ၊ နိုင်ငံရေးကို မိမိတို့ ကိုယ်ကျိုးအတွက် လုပ်ကိုင်စားသောက်သူများ၊ ပြည်ပမှကိုလိုနီနယ်ချဲ့လက်သစ်

စာမျက်နှာ ၇ ကော်လံ ၁ သို့

ပြည်သူတို့၏ အဆုံးအဖြတ်ကို သွေဖည်သည့် ဒီမိုကရေစီ ဇောက်ထိုးများနှင့် နယ်ချဲ့အသုံးတော်ခံများက နယ်ချဲ့မီဒီယာများ သုံးပြီး နိုင်ငံတော်၏ ရှေ့ခရီးကို ဆီလိုရေလို အပေါက်ရှာပြီး နှောင့်ယှက်လျက်ရှိ။

မြန်မာနိုင်ငံတွင် ရိုဟင်ဂျာဆိုသော တိုင်းရင်းသားလူမျိုးစု လုံးဝမရှိ။ ပြည်သူတို့ အတည်ပြုပေးထားသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စု၏မည်သည့် အစိတ်အပိုင်းမှ ခွဲထွက်ခြင်း မရှိစေရဟူသော အခြေခံမူကြီး ပါဝင်ပြီး ဖြစ်သည်ကိုလည်း အဖျက်သမားများ သတိမူသင့်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၂-၂၀၀၉ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀ MRTV- 4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅ **သူတော်ကောင်းနဲ့တွေ့ပါရစေ** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၈း၀၅-၂း၀၅ Sunday Talk (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၉း၀၀-၃း၀၀ Soccer Update
၉း၁၅-၃း၁၅ ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅ တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀ အစင်စံပြကျေးရွာ ဇီဝိတဒါနခရီးစဉ်မှ ဖလိန်တောင်နှင့် ဘုရားတောင်ကမ်းခြေသို့ ...
၉း၅၅-၃း၅၅ နိုင်ငံတကာ သတင်းအကျဉ်း
၁၀း၀၅-၄း၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဒီဝါကျွတ်အမီ ခယ်မအမြန်အစွဲ ထုတ်ရန်ရှိသည်**
၁၀း၃၅-၄း၃၅ မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀ တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅ **ရေမြင့်...ကြာတင့်** ခန့်စည်သူ၊ ဇော၊ ၄က်ပျောကြော်၊ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဌမ်းပုံ၊ မျိုးမျိုးခိုင် ဒါရိုက်တာ-ဖုန်းမြင့်အောင်
၁၁း၀၀-၅း၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅-၅း၁၅ ကမ္ဘာ့အားကစားဇာတ်ခုံ [စိုးမိုး(IBC)၊ နေအောင်သန့်]
၁၁း၄၀-၅း၄၀ နိုင်ငံတကာ သတင်းအကျဉ်း
၁၁း၄၅-၅း၄၅ တေးဂီတအစီအစဉ်
၁၁း၅၅-၅း၅၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုမင်းသူ)
၁၂း၁၅-၆း၁၅ International Video Topics (ထူးဆန်းထွေလာ အီဂျစ်ကမ္ဘာ)
၁၂း၃၅-၆း၃၅ Activities in the City [ရန်ကုန်ပညာရေးတက္ကသိုလ် (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ]
၁၂း၅၀-၆း၅၀ ပွဲလယ်တင့်ဆန်း ပိုးထည်ဒီဇိုင်း
၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Tottenham-Arsenal	ESPN (Live)
၁၀း၂၅	West Ham-Man U	ESPN (Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Catania-Juventus	5-Cartoon (Live)

ကလေးမြို့၌ ကျန်းမာရေး အသိပညာပေး

ကလေး ဖေဖော်ဝါရီ ၇

ကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကလေးခရိုင်တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၇ရက်က ကလေးမြို့နယ် ဥယျာဉ်ကျေးရွာသို့ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဦးလှိုင်မိုးနှင့်ဝန်ထမ်းများ သွားရောက်၍ ဒေသခံကျေးရွာပြည်သူ ၇၀ကို တိုင်းရင်းဆေးဖြင့် ကုသမှုပေးခဲ့ပြီး ခရိုင်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းဌေးက ဥတုရာသီအလိုက်ဖြစ်တတ်သော ရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေး ဟောပြောကြသည်။

(မြို့နယ် မိခင်/ကလေးအသင်း)

အောင်သာကျေးရွာ သဲကျောက်ခင်း

ဗန်းမော် ဖေဖော်ဝါရီ ၇

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် အောင်သာကျေးရွာအဝင်လမ်း သဲကျောက်ခင်း ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဇန်နဝါရီ ၈ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လွင်ဦးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးနေလင်းက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဝါဒီများက ပြည်သူတို့ တစ်ခဲနက် (၉၂ဒသမ၄၈ရာခိုင်နှုန်းဖြင့်) အတည်ပြုခဲ့ပြီးဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံကိုပင် အသိအမှတ်မပြု၊ လက်မခံနိုင်ဟု ဆိုနေကြသည်။ ယင်းသို့ ပြည်သူတို့၏ အဆုံးအဖြတ်ကို သွေဖည်သည့် ဒီမိုကရေစီဖောက်ထိုးများနှင့် နယ်ချဲ့အသုံးတော်ခံများက နယ်ချဲ့မီဒီယာများသုံးပြီး နိုင်ငံတော်၏ ရှေ့ခရီးကို ဆီလိုရေလို အပေါက်ရှာပြီး နှောင့်ယှက်လျက်ရှိပေသည်။

နိုင်ငံတော်တွင် ပြည်သူ့အကျိုးစီးပွားကို ရှေးရှုပြီး တိုင်းကျိုးပြည်ပြုတည်ဆောက်မှုအပေါင်းလက္ခဏာများဝေဆာလျက်ရှိနေသည်ကို မရှုဆိတ်ကြဘဲ တစ်နေ့တစ်မျိုးမရိုးအောင် လုပ်ကြံစွပ်စွဲနှောင့်ယှက်လာကြရာတွင် လတ်တလောပင်လယ်ပြင်၌ ရေမျောကမ်းတင်ဖြစ်နေသော နိုင်ငံခြားသားတစ်စု (အထူးသဖြင့် ဘင်္ဂါလီမွတ်ဆလင်) လှေစီးခရီးသည်တစ်စုကို ရိုဟင်ဂျာလူမျိုးများ၊ မြန်မာနိုင်ငံမှ ရိုဟင်ဂျာများ၊ မြန်မာက နှိပ်စက်၊ ထိုင်းနိုင်ငံက ရိုက်နှက်နှင်ထုတ်သည်ဟူသော သတင်းကို နေ့ညအပ်ကြောင်းထပ်အောင် လွှင့်ထုတ်လျက်ရှိကြသည်ကိုတွေ့ရသည်။ ၂၀၀၉ ခုနှစ် ဇန်နဝါရီလနှောင်းပိုင်းနှင့်ဖေဖော်ဝါရီလဆန်းရက်များတွင် ကုလသမဂ္ဂဒုက္ခသည်မဟာမင်းကြီးရုံးမှ ပြောခွင့်ရပုဂ္ဂိုလ်၊ ဝါရှင်တန်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၊ ထိုင်းနိုင်ငံအခြေစိုက် GHRE (ခေါ်) ပြည်ပြေး-အခြေခံ လူ့အခွင့်အရေး ပညာပေးကော်မတီ၊ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI)၊ Arakan Project (ခေါ်) ရခိုင်စီမံကိန်းအဖွဲ့ (ဗန်ကောက်)၊ နိုင်ငံတကာ ဒုက္ခသည်များအဖွဲ့ (Refugee International- ဝါရှင်တန်)တို့က ပြဿနာကိုချဲ့ထွင်ပြီး ဖွကြဆွကြဖြင့် ထိုင်းနိုင်ငံက ရက်စက်စွာ ရိုက်နှက်မောင်းထုတ်သည်၊ မြန်မာနိုင်ငံက ရိုဟင်ဂျာ ဆိုသူများအား နှင်ထုတ်သည်ဟု လုပ်ကြံစွပ်စွဲ ပုံကြီးချဲ့နေကြပေသည်။

၃၀-၁-၂၀၀၉ရက် နေ့စွဲဖြင့် မြန်မာနိုင်ငံက သတင်းတစ်ရပ်ထုတ်ပြန်ရာတွင် "လတ်တလော ပြည်ပ သတင်းမီဒီယာအချို့အရ ရိုဟင်ဂျာလူမျိုးအချို့သည် စက်လှေများဖြင့် ပင်လယ်ရေကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်ရန် ကြိုးပမ်းမှုများရှိနေကြောင်းနှင့် ထိုရိုဟင်ဂျာများအနက်မှ အချို့မှာ မြန်မာနိုင်ငံမှဖြစ်ကြောင်း ရေးသားထုတ်လွှင့်နေသည်ကို တွေ့ရကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးစုများတွင် ရိုဟင်ဂျာဟူသည့် လူမျိုးပါဝင်ခြင်း လုံးဝမရှိကြောင်း" ဖော်ပြထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်နေသော နိုင်ငံဖြစ်သည်။ နယ်ခြားမျဉ်း၊နယ်စပ်မျဉ်းကို အုတ်တံတိုင်း၊ သံတံတိုင်းကာရံထားနိုင်သည်မဟုတ်၍ ဟိုလူမျိုး၊ဒီလူမျိုး ခိုးဝင်လာသည်များ ရှိနေခဲ့သည်။ မြန်မာအစိုးရအဆက်ဆက်သည် အိမ်နီးချင်းနိုင်ငံများမှ ဥပဒေချိုးဖောက်ထွက်ပြေးလာသည့် ဝရမ်းပြေး၊ပြည်ပြေး၊ သူပုန်သူကန် စသည့် အတိုက်အခံများကို လုံးဝလက်မခံခဲ့ပေ။

မြန်မာနိုင်ငံကို ဗြိတိသျှ(အင်္ဂလိပ်)တို့အုပ်စိုးစဉ် ထိုဗြိတိသျှတို့ကပင် ၄င်းတို့ သိမ်းပိုက်စိုးမိုးထားသည့် အိန္ဒိယ (ယခု ပါကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်)တို့မှ ကုလားလူမျိုးများကို ရည်ရွယ်ချက်မျိုးစုံဖြင့် ခေါ်သွင်းလာခဲ့ဖူးသည်။ ရခိုင်ကဲ့သို့ လမ်းပန်းဆက်သွယ်ရေး မပြည့်စုံသော ဒေသတွင် ပျိုးနုတ်၊ ကောက်စိုက်ရန် ဘင်္ဂလားနယ်မှ ဘင်္ဂါလီမွတ်ဆလင်ဆင်းရဲသားများကို ရာသီအလိုက် ၄ှားသုံးခဲ့ရဖူးသည်။ ထိုဘင်္ဂါလီများမှ အချို့သည် ဘင်္ဂလားသို့ မပြန်ဘဲ တွယ်ကပ်ပုန်းရှောင်နေရစ်ခဲ့မှုများလည်း ရှိခဲ့သည်။ ၁၉၅၃ခုနှစ်က မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်သောအခါ ၄င်းဘင်္ဂါလီများက သူတို့ကိုရိုဟင်ဂျာလူမျိုးဟုသန်းခေါင်စာရင်းတွင် ထည့်သွင်းရန် လူစုလူဝေးဖြင့် အတင်းအကျပ် တောင်းဆိုခဲ့ကြသည်။ မြန်မာနိုင်ငံ သန်းခေါင်စာရင်းဌာနက ရိုဟင်ဂျာဟု တရားဝင်ထည့်မပေးခဲ့ပေ။

ဘူးသီးတောင်၊ မောင်တော၊ရသေ့တောင်ဘက်တွင်လည်း ဘင်္ဂလားဒေ့ရှ်မှ ခိုးဝင်လာသော ဘင်္ဂါလီမွတ်ဆလင်များကို ဆီးကြိုလက်ခံသောသူ (ရောက်နှင့်ပြီး ဘင်္ဂါလီလူမျိုးအုပ်စုများ)က နည်းမျိုးစုံဖြင့် အားပေးခဲ့ကြသည်။ ဖဆပလအကွဲအပြဲတွင် သန့်ရှင်းဖဆပလ (နောင် ပထစ)က ရွေးကောက်ပွဲ၌ ထိုဒေသများမှ မဲဆန္ဒများ ၄င်းတို့ရနိုင်ရန် မဲပေးခွင့်များ ပေးခဲ့ဖူးသည်။ ဤတွင် ဘင်္ဂါလီမွတ်ဆလင်များက ၄င်းတို့ကိုယ် ၄င်းတို့ ရိုဟင်ဂျာလူမျိုးဟု အမည်ခံကာ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် နယ်ပယ်များကို အပိုင်စီးခွဲထုတ်ရန် လှုပ်ရှားလာခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလ မြန်မာနိုင်ငံ ဖက်ဆစ်ဂျပန်တို့အောက်ကျရောက်ခဲ့စဉ် နယ်စပ်မှ ဘင်္ဂါလီကုလားများ ဘင်္ဂလားနယ်သို့ထွက်ပြေးသွားခဲ့သည်။ ၁၉၄၅ခုနှစ် ဗြိတိသျှတို့ မြန်မာနိုင်ငံသို့ ပြန်ဝင်လာပြီးနောက် ဘင်္ဂါလီများ မြန်မာနယ်စပ်သို့ ပြန်လည်ခိုးဝင်လာခဲ့ကြပြန်သည်။ ၁၉၄၇ ခုနှစ်တွင် နယ်ချဲ့သွေးခွဲသွေးထိုးမှုဖြင့် ဘူးသီးတောင်၊ မောင်တောမှ ဘင်္ဂါလီမွတ်ဆလင်များက နယ်မြေခွဲထွက်အပိုင်စီးရန် မူဂျာဟစ် လက်နက်ကိုင်ပုန်ကန်လာကြသည်။ ရခိုင်မြို့ရွာများ မီးရှို့ရုံမျှမက နောက်ဝင်လာသော ဘင်္ဂါလီများက မူလရှိနေသော မွတ်ဆလင်များကိုပင် သတ်ဖြတ် မျိုးဖြုတ်လာခဲ့သည်။ ဘင်္ဂါလီအများအပြားကို ပြည်ပမှ ထပ်မံခေါ်လာကာ ကျေးရွာများ တည်ထောင်ပေးပြီး ရခိုင်ရွာများကို ဖျက်ဆီးမီးရှို့မှုများကို မူဂျာဟစ်သောင်းကျန်းသူများ ဆက်တိုက်လုပ်ခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံအနှံ့ ရောင်စုံသောင်းကျန်းမှု ကြီးထွားနေသဖြင့် ပြည်ထောင်စုအစိုးရ (ဖဆပလအစိုးရ)သည် ရန်သူပတ်လည်ဝိုင်းနေချိန် ဖြစ်သည်။

ဗြိတိသျှတို့က ရခိုင်ပြည်နယ်ကို ၁၈၂၇မှ ၁၉၄၈ခုနှစ်အထိ ၁၂၃နှစ်ကြာ သိမ်းပိုက်စိုးမိုးခဲ့ရာ ဘင်္ဂါလီများ မြန်မာနိုင်ငံတွင် အလုံးအရင်းဖြင့် ဝင်ရောက်စေခဲ့သည်။ မြန်မာ့တပ်မတော်က မူဂျာဟစ်သောင်းကျန်းသူများကို ၁၉၅၀-၁၉၅၁ခုနှစ်မှစ၍ နှိမ်နင်းခဲ့ရာ ၁၉၅၄ခုနှစ်တွင် မူဂျာဟစ်သောင်းကျန်းသူများ ပြိုကွဲ ပျောက်ကွယ်သွားခဲ့ရသည်။ မူဂျာဟစ်သောင်းကျန်းသူ အဖွဲ့ခေါင်းဆောင် ကုလားကာဆင်အား မြန်မာအစိုးရ၏ တိုက်တွန်းချက်အရ ဘင်္ဂလားဒေ့ရှ်(ထိုစဉ်က အရှေ့ပါကစ္စတန်)အစိုးရက ဖမ်းဆီးထောင်ချခဲ့သည်။

၁၉၅၉ခုနှစ် မတ်လအတွင်းကျင်းပသည့် ရခိုင်ပြည် တိုင်းရင်းသားညီညွတ်ရေးအဖွဲ့၏ ပဉ္စမအကြိမ်ညီလာခံက စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်ရှိ တိုင်းရင်းသားအမည်ခံ မွတ်ဆလင်အချို့၏ လက်ခံအကူအညီပေးမှုကြောင့် "အရှေ့ပါကစ္စတန်(ယနေ့ဘင်္ဂလားဒေ့ရှ်)အမျိုးသားအမြောက်အမြား ရခိုင်ပြည်နယ်သို့ ဝင်ရောက်နေခြင်းကို ထိရောက်စွာ တားမြစ်ပေးရန်" ဟူသော ဆုံးဖြတ်ချက်ချခဲ့သည်။

၁၉၆၀ပြည့်နှစ် ပထစ(သန့်ရှင်း ဖဆပလ)၏ မဲဆွယ်စည်းရုံးမှု စနက်ကြောင့် ရခိုင်ရှိ ဘင်္ဂါလီမွတ်ဆလင်များက ရိုဟင်ဂျာမျိုးချစ်တပ်ဦး (Rohinger Patriotic Front) ဖွဲ့စည်းကာ ရိုဟင်ဂျာအမည်ခံ ဘင်္ဂါလီများ ပြန်လည်လှုပ်ရှားလာခဲ့သည်။ အာရပ်မွတ်ဆလင်များသည် သင်္ဘောပျက်ရာမှ ဘင်္ဂလားနယ်တွင် သောင်တင်ပြီး ဒေသခံမွတ်ဆလင်(ဘင်္ဂါလီ) အမျိုးသမီးများနှင့်အိမ်ထောင်ကျခဲ့ကြသည်။ ယင်းတို့မှ မွေးဖွားလာသူများကို ရိုဟန့် (Rohant)ဟု ခေါ်ကြသည်။

အာရပ်ဘာသာ Rohon (ရိုဟွန်)မှ ဆင်းသက်လာသော စကားလုံးဖြစ်သည်။ ၄င်းတို့ကို ကာလရွေ့လျောသောအခါ ရိုဟင်ဂျာဟု ၄င်းတို့ကိုယ် ၄င်းတို့ ခေါ်ကြသည်။ အာဖရိကမြောက်ပိုင်းမှ အာရပ် မွတ်ဆလင်သင်္ဘောသားများနှင့် ဘင်္ဂလားနယ်မှ ဘင်္ဂါလီမွတ်ဆလင် အမျိုးသမီးတို့မှ ပေါက်ဖွားလာသူများကို ရိုဟင်ဂျာဟု ခေါ်တွင်ကြခြင်းဖြစ်ရာ မြန်မာနိုင်ငံသား တိုင်းရင်းသားလူမျိုးများ မဟုတ်ကြောင်း၊ အာရပ်-ဘင်္ဂါလီ ကပြားများသာဖြစ်ကြောင်း ထင်ရှားပါသည်။

တော်လှန်ရေးကောင်စီ တက်လာပြီး မြန်မာနိုင်ငံသားဖြစ်နေသည့် မွတ်ဆလင်များနှင့် ဘင်္ဂလားနယ်မှ အသစ်ခိုးဝင်လာသော ဘင်္ဂါလီမွတ်ဆလင်များကို ခွဲခြားအရေးယူနိုင်ရန် ၁၉၆၆ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စစ်ဆေးစာရင်းယူခဲ့သည်။ ကျီးကန်းစစ်ဆင်ရေးဟု ခေါ်တွင်ခဲ့သည်။ စစ်တွေ၊ မြေပုံ၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ သံတွဲ၊ တောင်ကုတ်၊ ကြိမ်ချောင်း၊ မောင်တောစသည်တို့ကို စိစစ်စာရင်းယူခဲ့ရာ ခိုးဝင်လာသော ဘင်္ဂါလီမွတ်ဆလင်အမြောက်အမြားရှိနေကြောင်း တွေ့ရှိခဲ့ရသည်။

၁၉၆၉ ခုနှစ် ဖေဖော်ဝါရီလတွင် မြတ်မွန်စစ်ဆင်ရေးဖြင့် စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်တို့အတွင်း နိုင်ငံခြားသား ဘင်္ဂါလီခိုးဝင်သူများကို စစ်ဆေးခဲ့သည်။ ၁၉၇၁ခုနှစ်တွင် အရှေ့ပါကစ္စတန် (ဘင်္ဂလား)နှင့် အနောက်ပါကစ္စတန်တို့ ပဋိပက္ခဖြစ်ကာ တိုက်ကြခိုက်ကြစဉ် ဘင်္ဂါလီစစ်ပြေးဒုက္ခသည်တစ်သောင်းကျော်တို့သည် ဘူးသီးတောင်၊ မောင်တောမြို့နယ်များအတွင်း ပြေးဝင်လာခဲ့ပြန်သည်။ ၄င်းတို့အား စနစ်တကျစာရင်းကောက်ယူကာ မူလနေရင်း(ဘင်္ဂလားနယ်အတွင်း)သို့ ပြန်လည်ထွက်ခွာနိုင်အောင် ကူညီပေးခဲ့သည်။

၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်းပြည်နယ်ဒေသများအတွင်း ပြည်ပမှခိုးဝင်လာသူများကို စပယ်စစ်ဆင်ရေးဖြင့် စစ်ဆေးအရေးယူခဲ့သည်။ စပယ်စစ်ဆင်ရေးအရ ၁၉၇၄ ခုနှစ် ဒီဇင်ဘာလအထိ ရခိုင်ဒေသများအတွင်း ခိုးဝင်လာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၉၈၈ ဦး၊ နိုင်ငံခြားသားမှတ်ပုံတင်ရေး အက်ဥပဒေချိုးဖောက်သူ ၆၆၃ ဦးနှင့် နိုင်ငံခြားသား ၁၈၂၅၄ ဦးတို့ကို စစ်ဆေးတွေ့ရှိ အရေးယူခဲ့သည်။

ယင်းသို့ စစ်ဆင်ရေးများဖြင့် နိုင်ငံခြားသားများ စစ်ဆေးမှုပြုလုပ်တိုင်း တရားမဝင်ခိုးဝင်လာသော ဘင်္ဂါလီမွတ်ဆလင်များအား အလုံးအရင်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်း ပြန်ဝင်ပြေးလေ့ရှိခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် နဂါးမင်းစစ်ဆင်ရေးဖြင့် ခိုးဝင်မှုများ စစ်ဆေးခဲ့ပြန်ရာ မှုမမှန်ဘဲ ခိုးဝင်လာသူများ ထွက်ပြေးသွားကြပြန်သည်။ ထွက်ပြေးသွားသူများထဲမှ ခိုင်လုံသော အထောက်အထားရှိသူများကို ဟသ်ာစီမံချက်ဖြင့် စိစစ်လက်ခံပေးခဲ့သည်။

၁၉၉၁-၁၉၉၂ ခုနှစ်တို့တွင် လူဝင်မှုကြီးကြပ်ရေးဌာနက ရခိုင်ပြည်နယ်အတွင်း ခိုးဝင်လာသူများအား စစ်ဆေးပြန်ရာ အလုံးအရင်းဖြင့် ထွက်ပြေးသွားခဲ့ကြပြန်သည်။ ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် မြန်မာအစိုးရတို့ ညှိနှိုင်းကာ သတ်မှတ်ထားသည့် မူလေးချက်နှင့်ကိုက်ညီသူများကို စိစစ်လက်ခံခဲ့သည်။ ၁၉၉၂ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ ၁၃နှစ်အတွင်း လူဦးရေ ၂၃၆၄၉၅ဦးကို စိစစ်လက်ခံခဲ့သည်။ အချို့ကား မှုမမှန်၍ပြန်မလာခဲ့ကြတော့ပေ။ အနောက်မီဒီယာများက ထိုကိစ္စကို မကြာခဏလုပ်ကြံဖန်တီးပြီး ခိုးဝင်လာသူများဘက်မှ အားပေးအားမြှောက်လုပ်ရင်း မြန်မာနိုင်ငံကို မဟုတ်မမှန် စွပ်စွဲနေပေသည်။

အမေရိကန်သည် နိုင်ငံစုံမှ အတိုက်အခံ ပြည်ပြေးများအား သန်းချီလက်ခံထားသည့်ဒဏ်ကို စက်တင်ဘာ ၁၁ရက် ၂၀၀၁ခုနှစ် တိုက်ခိုက်ခံရမှုဖြင့် အလူးအလဲခံရသည်။ ထို့ကြောင့် လူဝင်မှုဥပဒေကို ပြင်ဆင်တင်းကျပ်နေရသည်။ တောင်ဘက်မက္ကဆီကိုနိုင်ငံမှ လူအများအပြားခိုးဝင်လာမှုဒဏ်ကိုမခံနိုင်၍ **အမေရိကန်က မက္ကဆီကိုနှင့်နယ်စပ်တွင် သံဝင်းထရံကာ တံတိုင်းဆောက်လုပ် တားဆီးနေရသည်။ ခိုးဝင်လာသူပစ်သတ်နေရသည်။ အစ္စရေးတို့သည် ပါလက်စတိုင်းများ ဝင်မလာရန်ဟု ဆိုကာ အနောက်ဘက်ကမ်းဒေသတွင် တံတိုင်းကြီးဆောက်ထားရသည်။ အမေရိကန်တွင် ကျူးဘားပြည်ပြေးသုံးသိန်းကျော် လက်ခံထားပြီး ကျူးဘားမှ ကတ်စထရို၏ ဆိုရှယ်လစ်အစိုးရဖြုတ်ချရေး အားထုတ်နေသည်။ သမ္မတကလင်တန်လက်ထက် ကျူးဘားဖောင်စီးခရီးသည်များ၊ အခြားဟစ္စပင်းနစ်ဖောင်စီး-လှေစီးခရီးသည်များ အမေရိကန်နိုင်ငံတွင်း ဝင်လာရန်ကြိုးစားကြစဉ် အမေရိကန်ကမ်းခြေစောင့်တပ်များက စစ်အင်အားသုံးကာ ပြန်လည်မောင်းထုတ်ခဲ့သည်။**

ဗီယက်နမ်စစ်ပြီးစ တောင်ဗီယက်နမ်မှ လှေစီးခရီးသည်များ နေ့စဉ်ထွက်ပြေးကြရာ၌ ထိုစဉ်က ဗြိတိသျှပိုင် ဟောင်ကောင်က လက်မခံနှင်ထုတ်ခဲ့သည်။ မကြာမီကာလအတွင်း မွတ်ဆလင်လှေစီး(မော်တော်စီး)ခရီးသည်များကို အင်ဒိုနီးရှား၊သြစတြေးလျတို့က လက်မခံမောင်းထုတ်ခဲ့ကြသည်။ ဤသည်တို့မှာ မှုမမှန်သော ဧည့်သည်ကို မည်သည့်အိမ်ရှင်ကမှ လက်မခံလိုကြောင်းပြသနေပေသည်။ ထိုင်းနိုင်ငံတွင် တောင်ပိုင်းမွတ်ဆလင် လေးပြည်နယ်၌ မွတ်ဆလင်ပုန်ကန်မှုများ ရှိနေသဖြင့် နောက်ထပ် ဘင်္ဂါလီမွတ်ဆလင်(ရိုဟင်ဂျာအမည်ခံ)များကို လက်မခံလိုသည်မှာ သဘာဝကျပေသည်။ မြန်မာနိုင်ငံတွင် ရိုဟင်ဂျာဆိုသော တိုင်းရင်းသားလူမျိုးစု လုံးဝမရှိပါ။ **ပြည်သူတို့အတည်ပြုပေးထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြည်ထောင်စု၏ မည်သည့်အစိတ်အပိုင်းမှ ခွဲထွက်ခြင်း မရှိစေရဟူသော အခြေခံမူကြီးပါဝင်ပြီးဖြစ်သည်ကိုလည်း အဖျက်သမားများ သတိမူသင့်ပေသတည်း။ ။**

8-2 (07).pmd 1 2/8/2009, 4:15 AM

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် စီမံကိန်းများ

အကြောင်းအရာ	တည်နေရာ	မှတ်ချက်
စိုက်ပျိုးရေး		
- ဇီးချောင်းရေလှောင်တမံ	ကျောက်တော်မြို့နယ်	အကျိုးပြုစိုက်ပျိုးဧက ၁၀၀၀
လမ်းပန်းဆက်သွယ်ရေး		
- **ပေ၁၈၀နှင့်အထက် တည်ဆောက်ဆဲတံတား**		
- ကျောက်တန်းတံတား	စစ်တွေမြို့နယ်	ရန်ကုန်-စစ်တွေလမ်းမကြီးအကျိုးပြု
ရထားလမ်း		
- စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး-မင်းပြား-အမ်း-မင်းဘူး	ရခိုင်ပြည်နယ်	ဧရာဝတီမြစ်အနောက်ဘက်ခြမ်း မင်းဘူးမြို့မှတစ်ဆင့် အထက်-အောက် စုန်-ဆန်သွားလာနိုင်မည်
ဘူတာ		
- မြောက်ဦးဘူတာ	မြောက်ဦးမြို့နယ်	စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်-
- မြို့မရပ်စခန်းဘူတာ	မြောက်ဦးမြို့နယ်	မြောက်ဦး (၉၉) မိုင်
- တိမ်ညိုဘူတာ	မြောက်ဦးမြို့နယ်	မင်းဘူး-အမ်း-မင်းပြား- (၁၅၈) မိုင်
- မဟာမုနိဘူတာ	မြောက်ဦးမြို့နယ်	မင်းဘူးမှစစ်တွေ စုစုပေါင်းရထားလမ်းမိုင်
- အပေါက်ဝဘူတာ	ပုဏ္ဏားကျွန်းမြို့နယ်	(၂၅၇) မိုင်
- ယိုးတရုတ်ဘူတာ	ပုဏ္ဏားကျွန်းမြို့နယ်	
- ပုဏ္ဏားကျွန်းဘူတာ	ပုဏ္ဏားကျွန်းမြို့နယ်	
ရထားတံတား		
- ပီတောက်မြစ်ကူးတံတား	ကျောက်တော်နှင့် ပုဏ္ဏားကျွန်း	
- ယိုးချောင်းတံတား	ပုဏ္ဏားကျွန်းမြို့နယ်	
ဆက်သွယ်ရေး		
- CDMA/GSM မိုဘိုင်းလ်ဖုန်း	ရခိုင်ပြည်နယ်	အလုံး ၅၅၀၀
- GSM မိုဘိုင်းလ်ဖုန်း	စစ်တွေမြို့နယ်	အလုံး ၁၄၀၀ ကျော်
လျှပ်စစ်စွမ်းအား		
တည်ဆောက်ဆဲစီမံကိန်း		
- သူ့ငွေးချောင်း	သံတွဲမြို့နယ်	၁၁၁.၀ မဂ္ဂါဝပ်
- အမ်းချောင်း	အမ်းမြို့နယ်	၁၅.၀ မဂ္ဂါဝပ်
တည်ဆောက်မည့်စီမံကိန်း		
- သံတွဲချောင်း	သံတွဲမြို့နယ်	၃၉.၀ မဂ္ဂါဝပ်
- ကျိန္တလီ	ကျိန္တလီမြို့နယ်	၂၈.၀ မဂ္ဂါဝပ်
- စိုင်တင်	ဘူးသီးတောင်မြို့နယ်	၇၀.၀ မဂ္ဂါဝပ်
ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့		
- ရွှေ(၁) [အေ-၁]	ရခိုင်ကမ်းလွန်	အနည်းဆုံး ၃.၄ ထရီလီယံကုဗပေမှ အများဆုံး ၅.၄ ထရီလီယံကုဗပေ
- ရွှေဖြူ[အေ-၃]	ရခိုင်ကမ်းလွန်	အနည်းဆုံး ၀.၅ ထရီလီယံကုဗပေမှ အများဆုံး ၁.၂ ထရီလီယံကုဗပေ
- မြဓာတ်ငွေ့သိုက်	ရခိုင်ကမ်းလွန်	အနည်းဆုံး ၁.၈ ထရီလီယံကုဗပေမှ အများဆုံး ၃.၄ ထရီလီယံကုဗပေ

စိုင်တင်ရေအား လျှပ်စစ်စီမံကိန်း

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀ထုတ်ယူရရှိနိုင်မည့် စိုင်တင်ရေအား လျှပ်စစ်စီမံကိန်း တည်ဆောက်မည့်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရခိုင်ပြည်နယ် မြောက်ပိုင်းအတွက်ပါ လျှပ်စစ်မီးရရှိစေရန် စိုင်တင်ရေအားလျှပ်စစ် စက်ရုံကို တည်ဆောက်မည်။ စက်ရုံပြီးစီးပါက လျှပ်စစ်ဓာတ်အား တစ်နှစ်လျှင် ကီလိုဝပ်နာရီ သန်းပေါင်း ၂၃၆ သန်း ရရှိနိုင်ပြီး စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားအထိ လျှပ်စစ်မီးရရှိနိုင်မည်။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် စက်တပ်ဆင်အင်အား ၁၁၁မဂ္ဂါဝပ်ရှိပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီ ၄၁၇သန်းထုတ်လုပ်နိုင်မည့် သံတွဲမြို့အရှေ့မြောက်ဘက် ၁၂မိုင်ခန့်အကွာ သူ့ငွေးချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် သူ့ငွေးချောင်း ရေအားလျှပ်စစ် စီမံကိန်းကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စိတ်ဝမ်းတူမျှ စည်းလုံးကြစို့

❑ ကစ္ဆပနဒီ ဝတီရော
ဒုဋ္ဌာချင်းတွင်း ရစ်ဆင်းစစ်တောင်း
မြစ်ကြောင်းသံလွင် ဤမြေပြင်၌
ယခင်ရှေးဟောင်း နှစ်ပေါင်းများစွာ
ကြာတောင့်ကြာမျှ စီးခဲ့ကြ
ကမ္ဘာတည်စ လူ့အစ
ဘိုးဘွားမြေ၏ သမိုင်းလှ။

❑ ဤမြေဤရွာ လူ့ဘုံသာမှာ
'ဗမာ''မွန်''ရှမ်း' 'ပျူ' 'ကမ်းယံ' 'သက်'
ရောယှက် 'ရခိုင်' တူပြိုင် 'ကချင်'
'ကရင်''ကယား' 'အင်းသား''ဝ''ချင်း'
ညီရင်းပမာ အနေကြာခဲ့
တောင်ယာချင်းဆက် သွေးချင်းဆက်၍
မျိုးဆက်များစွ တူတကွ
ယုံကြည်စိတ်ချ ထာဝရ။

❑ အတူတကွ နေခဲ့ကြလည်း
မလှအတိတ် နယ်ချဲ့ရိပ်အောက်
အလင်းပျောက်၍ မျိုးဖျောက်ကွဲပြား
သွေးခွဲစကားဖြင့် ရေမြေခြားခဲ့ကြဖူးသည်။

❑ ယခုအခါ
မခြားမြေပြင် ရေတွင်မသား
နီးကြားချစ်ကြည် ပြည်သစ်တည်၍
ရေရှည်မျှော်မှန်း စိတ်ဝမ်းတူမျှ
စည်းလုံးကြစို့ ကိုယ့်အားကိုယ်ယူ
ရိုင်းပင်းကူမှ ဤမြေလှ၍
တကွတူယှဉ် ဆွေစဉ်မျိုးဆက်
မပျက်မော်ကွန်း ဖလ်နေဝန်းသို့
အစဉ်ထွန်းလင်းပါလိမ့်မည်။ ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုလျက်-

လင်းအောင်(ဇီးကုန်း)

ရဲမာန်ဝင့်ကြွား ဒို့ရွှေပြည်

တျာချင်း

❑ ကချင်ကယား၊ ထင်ရှားချစ်ကြည်
ကရင်နှင့်ချင်း၊ သွင်ဆင်းနှောင်နှင့်ညီ
ဗမာမွန်မည်၊ ကြာရှည်ခိုင်မြဲ
ရခိုင်နှင့်ရှမ်း၊" ပြိုင်ချစ်ကျွမ်း"
"ခိုင်အပွင့်ပန်း"၊ ယှက်တွဲသည်နှင့်လေး။

❑ ဘယ်သူခွဲခွဲ၊ မကွဲပါနိုင်
ပြည်ထောင်စုသား၊ ဒို့များချစ်ခြင်းပြိုင်
သက်ဆုံးတိုင်တိုင်၊ မမုန်းနိုင်ဆတိုး
ကြားလေစကား၊ "သွားပေ့ သွား"
"ခြား၍မထား"၊ ဆွေမျိုးပင်တည့်လေး။

❑ တိုင်းကျိုးပြည်ကျိုး၊ သယ်ပိုးရွက်ဆောင်
ရှိခဲ့သမိုင်း၊ တုနှိုင်းမဲ့ဂုဏ်ရောင်
နော်ရထာဘုရင့်နောင်၊ ဦးအောင်ဇေယျ
အာရှတစ်လွှား၊ "မြန်မာ့စား"
"ပမာဏအား"ပြခဲ့သည်နှင့်လေး။

❑ ညီညာဖြဖြ၊ တက်ကြွအားမာန်
အစဉ်ရိုင်းပင်းထား၊ တိုင်းရင်းသားတို့ဟန်
အမိနိုင်ငံ၊ ကာကွယ်ရန်အတွက်
စဉ်ဆက်အရေး၊ "ယှဉ်လျက်တွေး"
"မခင်အသက်ပေး"ဆက်ရဲသည်တဲ့လေး။

❑ အမျိုးတွက်ကိုသာ"ရဲမာန်ဝင့်ကြွား ဒို့ရွှေပြည်"
တိုးလျက်ပိုကာ ကဲသန်မြင့်မားလို့နေသည်။ ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုလျက်-

စလင်းဘုန်းကျော်

အကယ်ဒမီစာမျက်နှာများဖြင့် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၆)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၇

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၆)၌ မြန်မာ့ရုပ်ရှင် အကယ်ဒမီဆုပေးပွဲ သတင်းဆောင်းပါး၊ အနုပညာရှင်တို့၏ ရင်တွင်းစကား အထူးရောင်စုံအချပ်ပိုလေးမျက်နှာနှင့်အတူ 'ခေတ်ရေစီးထဲ ခုန်ဝင် အသစ်အဆန်းဆို လိုချင်သည့်လူ့စိတ်' အထူးသတင်းဆောင်းပါး၊ ဂျီအက်စ်အမ်ဆင်းကတ်များ တစ်နေ့ ကတ်၂၀၀၀ကျော်ရောင်းနေရ၊ ယခုလ အတွင်း မြို့နှင်းများထုထပ်စွာကျဆင်းနိုင်သေး၊ ရန်ကုန်မြို့တော်စည်ပင် သာယာနယ်နိမိတ်အတွင်းရှိ လမ်းပေါင်း၁၀၀၀ခန့်ကို ကတ္တရာလမ်းအဖြစ် ခင်းမည်၊ မုန်တိုင်းဒဏ်ခံမိသားစု တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ပြန်လည် တည်ထောင်နိုင်ရန် အိမ်ထောင်စု၃၀၀၀၀ကို ကူညီမည်၊ ဆောင်းခိုငှက်များ မတ်လဆန်းအထိရှိတတ်၍ အိမ်မွေးတိရစ္ဆာန်များ ဂရုစိုက်သင့်၊ အချိန်တို စရိတ်သက်သာသည့် ဒီပလိုမာသင်တန်းများ တက်ရောက်နိုင် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ကဏ္ဍစုံလင်

ဘားရတ်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆို ထားသော 'အဖေ့ဆီက အိပ်မက်များ(၁၁)'၊ 'စီးပွားရေးက အသူရာချောက် ကမ်းပါးစွန်းမှာ ရှိနေတာမဟုတ်ဘူး' ဥရောပကော်မရှင်အဖွဲ့ဝင် ဂန်တာဗာ ဟူဂျင်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူး ဆောင်းပါးနှင့်အတူ အိန္ဒိယနိုင်ငံ၏မြို့တော်တွင် ပလတ်စတစ်အိတ်များ တားဆီးပိတ်ပင်ရန်ကြိုးပမ်း၊ ဗြိတိသျှသတင်းမီဒီယာ၏ ဝန်ထမ်းအင်အား လျှော့ချမှုတွင် စီးပွားရေးကျဆင်းမှုအပြင် အခြားအကြောင်းများလည်းရှိ၊ သမ္မတဆာကိုဇီ၏ ဇနီးဟောင်း အိမ်ဖောက်ထွင်းခံရ၊ ဩစတြေးလျတွင် နှစ်တစ်ရာအတွင်း အဆိုးရွားဆုံး အပူလှိုင်းသက်ရောက်၊ ၂၀၀၉ခုနှစ်တွင် အစ္စရေးနိုင်ငံ၏ ရွေးကောက်ပွဲများ စတင်ရန် ပြင်ဆင်၊ ဘာသာရေး ခေါင်းဆောင်ခိုမေနီ၏ နှစ်၃၀ကြာ ပြည်တော်ပြန် အထိမ်းအမှတ်အဖြစ် အီရန်တို့ ဂါရဝပြု၊ အိုဘားမားအား အီတလီဝန်ကြီးချုပ်ကတော်က ရုပ်ရည်ချောမောသူဟုပြော၊ သက်တမ်း၁၁၁နှစ်ရှိ ရှားပါး တွားသွားသတ္တဝါ ဖခင်ဘဝရရှိ စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ် သည်။ (သတင်းစဉ်)

ထားဝယ်အသင်းနှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၇

ထားဝယ်အသင်း၏ (၈၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ Ph.D ပါရဂူဘွဲ့ရရှိသူများ ဂုဏ်ပြုပွဲနှင့် ပညာရည် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ Royal Garden Restaurant ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်း သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် မင်္ဂလာဈေးရှေ့နှင့် ရေခဲဆိုင်မှတ်တိုင်အနီးတွင် ကားကြိုပို့ စီစဉ်ထားကြောင်း သိရသည်။ (စွမ်းအင်)

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့သို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေသော ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့် ဇနီးရှရီ မာတီ ဆယ်မာ အန်ဆာရီ တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့်ဇနီး၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ လိုက်ပါလျက် ယနေ့မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တပ်မတော်အရာရှိကြီး များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (အပေါ်ပုံ)

ဂါရဝပြု

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဗဟာဒုရှားဂူဗိမာန်သို့သွားရောက်၍ ဂါရဝပြုကြပြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်း ရတနာဆင်ဖြူတော်ဥယျာဉ်ရှိ ရတနာဆင်ဖြူတော်များအား သွားရောက်ကြည့်ရှုကြသည်။ (သတင်းစဉ်)

NIBBAN Electric & Electronics ကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲနှင့် အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

ISO 9001:2000 လက်မှတ် ရရှိပြီး (၃၇)နှစ်တိုင်တိုင်မြန်မာပြည်သူ များ၏ ယုံကြည်အားပေးမှုကို အပြည့် အဝရရှိနေသော NIBBAN Electric & Electronics ၏ ကုန်ပစ္စည်း သစ်များ မိတ်ဆက်ပွဲနှင့် အရောင်း ကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ၅ရက် ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ရှိ Western Park Royal Restaurant ၌ကျင်းပရာ NIBBAN Group ဥက္ကဋ္ဌဦးသိန်းကြည်က ကြိုဆို နှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင် စကား ပြောကြားသည်။ (အပေါ်ဝဲပုံ)

ဂုဏ်ပြုဆုပေးအပ်

ထို့နောက် NIBBAN Electric & Electronics အုပ်ချုပ်မှု ဒါရိုက်တာ ဒေါက်တာအောင်သိန်းက NIBBAN ထုတ်ကုန်ပစ္စည်းသစ်များ နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား ကာ ၂၀၀၈ခုနှစ်အတွက် ရောင်းအား အကောင်းဆုံး ကိုယ်စားလှယ်များအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့် သည်။

ထုတ်လုပ်ဖြန့်ချိ

NIBBAN မှ အသစ်ထုတ်လုပ် လိုက်သော Color TV များ၊ TV Antenna Model အသစ်များ၊ DVD Player နှင့် EVD Player Model အသစ်များ၊ Speaker များ၊ Digital Home UPS များနှင့် On Line UPS များအပြင် ISO စနစ်နှင့်အညီ ဗဟိုအမှတ်တံဆိပ် မီးအားမြှင့်စက်များ၊ အင်ဗာတာများ နှင့် LED မီးအိမ်များကိုလည်း ထုတ်လုပ်ဖြန့်ချိပေးလျက်ရှိသည်။

NIBBAN အမှတ်တံဆိပ် TV များကို အဆင့်မြင့် ဂျပန်နည်းပညာ များဖြင့် ထုတ်လုပ်ထားပြီး သုံးနှစ် အာမခံ၊ DVD Player များကို နှစ်နှစ်အာမခံ၊ TV Antenna များ ကို ငါးနှစ်အာမခံဖြင့် Show Room နှင့် Service Center များမှ အပြည့် အဝ အာမခံချက်များအတိုင်းတာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

ဖမ်းယူနားဆင်နိုင်

NIBBAN Digital TV Set-top Box ၏ ထူးခြားချက်မှာ MWD, MWD-2, MWD-3, MRTV, MRTV-3, MRTV-4 ရုပ်သံလိုင်းများကို အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်သော Digital Receiver အမျိုးအစားဖြစ်ခြင်း၊ USB Port ပါရှိသောကြောင့် Memory Stick ထဲမှ Movie, Music, Photo များကို ကြည့်ရှု ခံစားနိုင်ခြင်း၊ FM Radio လိုင်း များကိုပါ ဖမ်းယူနားဆင်နိုင်ခြင်းတို့ ဖြစ်သည်။

သိရှိလိုပါက ရန်ကုန် အရောင်း ပြခန်းနှင့် ဝန်ဆောင်မှုဌာန အမှတ် ၁၆၄ ဗိုလ်ရွဲလမ်း လသာမြို့နယ် ဖုန်း-၀၁-၂၅၁၇၉၂၊ ၃၈၄၇၃၀၊ ၃၈၉၂၅၃နှင့် မန္တလေးအရောင်း ပြခန်းနှင့် ဝန်ဆောင်မှုဌာန အမှတ်၁၇၃ ၈၄လမ်း ၃၁လမ်းနှင့် ၃၂လမ်းကြား ချမ်းအေး သာစံမြို့နယ် ဖုန်း-၀၂-၆၉၉၅၇၊ ၆၆၀၀၃ တို့သို့ မေးမြန်းဝယ်ယူနိုင် သည်။ (သတင်းစဉ်)

နိုင်ငံတော်အကျိုး၊ မိမိတို့ဒေသအကျိုး အပြောနှင့်မဟုတ် အလုပ်နှင့်အမှန်တကယ်အလုပ်အကျွေးပြု

အနာဂတ်နိုင်ငံတော်ကို ဆက်ခံထိန်းသိမ်းမည့် လူငယ်များ ပညာရည်ထူးချွန်ထက်မြက်ရုံသာမက အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်မြင့်မားသည့် အရည်အသွေးများနှင့် ပြည့်စုံအောင်လေ့ကျင့်ပျိုးထောင်

ရန်ကုန် ဖေဖော်ဝါရီ ၇

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူတက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌမြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်သူက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် သင်တန်းဆင်း ဆရာ ဆရာမများသည် မိမိတို့၏ကျွမ်းကျင်တတ်မြောက်ပြီး အရည်အချင်းများနှင့် သင်တန်းမှရရှိလာသော အမျိုးသားရေးအသိအမြင်၊ ယုံကြည်ချက်၊ ခံယူချက်များကို ပေါင်းစပ်ပြီး အမျိုးသားပညာရေး တာဝန်များကို အားသစ်လောင်း ထမ်းရွက်သွားနိုင်ကြမည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း။

အမျိုးသားရေးတာဝန်

တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင်ကြရာ မိမိတို့ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ဘိုးဘေးအစဉ်အဆက် မိမိတို့နိုင်ငံသားများသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အသက်ဝိညာဉ် အဖြစ် ခံယူလာခဲ့ကြပြီး နိုင်ငံ့အင်အား တောင့်တင်းခိုင်မာရေးကို လက်ဆင့်ကမ်း တည်ဆောက်ခဲ့ကြသည့်အတွက် မျိုးဆက်သစ်များအနေဖြင့် ဤတာဝန်များကို မွန်မြတ်သည့်အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ထမ်းရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်စဉ်ကတည်းက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးခံယူချက်အဖြစ် ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက် (၁၂)ရပ်ကိုချမှတ်ကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း လိုက်ပါနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

အဆင့်မြင့်ပညာရပ်

ပညာရေးကဏ္ဍတွင် "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဖြစ်တည်ဆောက်အံ့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးဆိုင်ရာ အခြေခံကောင်းများကို နိုင်ငံတစ်ဝန်းလုံးတွင် တည်ဆောက်ပေးခဲ့ကြောင်း၊ အထူးဖွံ့ဖြိုးရေး ဒေသကြီး (၂၄)ခုလုံးတွင် အဆင့်မြင့် ပညာများ ဆည်းပူးသင်ယူနိုင်သည့် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်နှင့်ကွန်ပျူတာတက္ကသိုလ်များ အသီးသီးတည်ရှိနေပြီဖြစ်၍ တိုင်းရင်းသားလူငယ်များအနေဖြင့် မိမိတို့လက်လှမ်းတစ်မီမှာပင် အဆင့်မြင့်ပညာရပ်များကို သင်ယူနိုင်ကြပြီးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ အမျိုးသားပညာရည်မြင့်မားရေး အပါအဝင် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဆရာ ဆရာမများအနေဖြင့် မိမိတို့တာဝန်ကျရာဒေသအလိုက် မျိုးဆက်သစ်တိုင်းရင်းသားလူငယ်များ၏ ပညာရေးဆိုင်ရာအရည်အသွေးများ တစ်ပြေးညီမြင့်မားတိုးတက်လာရေးအတွက် အဆင့်မြင့်ပညာရပ်များ ဖြန့်ဝေသင်ကြား ပို့ချပေးနေခြင်းသည် ပြည်နယ်နှင့်တိုင်းအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နေခြင်းဖြစ်ကြောင်း။

သုတေသနပြုဖော်ထုတ်

အဆင့်မြင့်ပညာ ကဏ္ဍအနေဖြင့် သင်ကြားရေးလုပ်ငန်းများနှင့်အတူ သုတေသန လုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရာတွင် အတတ်ပညာရှင်များအပိုင်းက နည်းပညာသစ်များတိုးတက်နေမှုနှင့်အတူ အစဉ်အမြဲလိုက်ပါပြီး ၂၁ရာစု စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိရေး၊ အသိပညာရှင်များအနေဖြင့် မိမိတို့နိုင်ငံ၏ ကြီးမားသည့် သမိုင်းအစဉ်အလာများကို သုတေသနပြု ဖော်ထုတ် မှတ်တမ်းတင်နိုင်ရေးတို့ကို ကြိုးပမ်းရမည်ဖြစ်ကြောင်း။

သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အတွင်း မိမိတို့ဘဝကိုမြှုပ်နှံပြီး လူ့အဖွဲ့အစည်းအကျိုးအတွက် ရင်းနှီးပေးဆပ်နိုင်သည့် ပညာရှင်များ၏ သုတေသနပြုစူးစမ်းဖော်ထုတ်မှုများ၊ တီထွင်အသုံးချမှုများ တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်နှင့် ပြည်သူတို့၏လူမှုစီးပွားရေးအခြေအနေများလည်း တိုးတက်လာမည်ဖြစ်ကြောင်း။

ဆက်စပ်အသုံးချ

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် အဆင့်မြင့်ပညာကဏ္ဍ အမျိုးသားပညာရည် မြင့်မားရေး မျှော်မှန်းချက်များအား မျက်ခြည်မပြတ်စေဘဲ ကျောင်းသင်ဘာသာရပ်တွင် ပါရှိသည့် ပညာရပ်များကို သက်ဆိုင်ရာ နယ်မြေဒေသ၏ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ် အသုံးချနိုင်စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင်ခန့်မှန်းနိုင်ပြီး ဆုံးရှုံးမှု အနည်းပါးနိုင်ဆုံး ကာကွယ်နိုင်ရေးတို့ကို သုတေသနပြု ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

သမိုင်းအတွေ့အကြုံများအရ နိုင်ငံတော်တွင် မည်သို့သော အခက်အခဲ၊ အတားအဆီးများနှင့် ကြုံတွေ့ရသော်လည်း စုစည်းညီညွတ်သည့် ပြည်တွင်းအားကို တည်ဆောက်ထားနိုင်သည်နှင့်အမျှ ရင်ဆိုင်ရသော အခက်အခဲ၊ အဟန့်အတား၊ ကန့်သတ်ချက်များကို ကျော်လွှားအောင်မြင်နိုင်မှုသည် အတိတ်သမိုင်းမှာရော၊ မျက်မှောက်ကာလနှင့် အနာဂတ်ကာလတွင်ပါ အမြဲတမ်းမှန်ကန်မှု ရှိနေမည်ဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်

သာဓကအနေဖြင့် ၂၀၀၈ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်းအတွင်း မြို့နယ်အချို့တွင် လူ၊ တိရစ္ဆာန်၊ ယာဉ်၊ အဆောက်အအုံ စသည့် သက်ရှိ၊ သက်မဲ့ပစ္စည်းများ ဆုံးရှုံးခဲ့ရသော်လည်း အသက်ရှင်သန် ကျန်ရစ်ခဲ့သူများအားလုံး ထပ်မံအသက်ဆုံးရှုံးမှု မရှိစေရေးအတွက် နိုင်ငံတော် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းသည့် အင်အားများကြောင့် အချိန်တိုအတွင်း ကယ်ဆယ်နိုင်ခဲ့ပြီး လိုအပ်သည့် ထောက်ပံ့ကူညီမှုများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့လူမျိုးသည် အရေးကြီးလျှင် သွေးနီးကြပြီး အရေးကြုံလျှင် သက်လုံ ကောင်းသည်ဆိုသော ရှိရင်းစွဲ ပြည်ထောင်စုစိတ်ဓာတ်ကို နိုင်ငံတကာက သိရှိအောင် ပြသနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်အဖြစ် ဖော်ဆောင်နိုင်ရုံသာမက ပေါ်ထွန်းလာမည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲနိုင်ရေးအတွက် အလုပ်အကျွေးပြုမည့် အဓိကကျသော အင်အားစုများတွင် စဉ်ဆက်မပြတ်လေ့လာသင်ယူနေသည့် အရည်အသွေး၊ မြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များပင် ဖြစ်ကြောင်း။

အမျိုးသားရေးယုံကြည်ချက်

အနာဂတ် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော် အကျိုး၊ သက်ဆိုင်ရာ မိမိတို့ဒေသအကျိုးကို အပြောမဟုတ်၊ အလုပ်နှင့် အမှန်တကယ် အလုပ်အကျွေးပြု ပေးဆပ်သူများကို မဏ္ဍိုင်ပြုပြီး ဆက်လက်တည်ဆောက် သွားရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကို ဆက်ခံထိန်းသိမ်းမည့် ယနေ့လူငယ်များအနေဖြင့် ပညာရည်ထူးချွန်ထက်မြက်ရုံသာမက အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်မြင့်မားမှု၊ မြန်မာ့ လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက် အလုပ်အကျွေးပြုလိုမှု စသည့် အရည်အသွေးများနှင့် ပြည့်စုံနေရန် လိုအပ်ကြောင်း။

မျိုးဆက်သစ်လူငယ်များအပေါ် နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့်အညီ စည်းရုံးလေ့ကျင့်ရာတွင် ထိရောက်အောင်မြင်နိုင်ရေးအတွက် မိမိတို့ ဆရာ၊ ဆရာမများကိုယ်တိုင်ကလည်း နိုင်ငံ့သားကောင်း၊ သမီးမွန်များ၊ ပညာရေး ဝန်ထမ်းကောင်းများအဖြစ် နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးကို စံနမူနာပြ ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသွားသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်သူက သင်တန်းသားစံပြဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ လက်ထောက်ကထိက ကသအမှတ် (C-၁၉) ဦးမင်းလွင်ဦး၊ သင်တန်းသူစံပြဆုရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(သန်လျင်)မှ ကထိက ကသအမှတ်(B-၁၇) ဒေါ်ခိုင်မြင့်မွန်၊ သင်တန်းသားဖွဲ့လုံ့လဆုရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်ပညာရေးတက္ကသိုလ်မှ ကထိက ကသအမှတ်(C-၂၇) ဦးထွန်းဦးကျော်၊ သင်တန်းသူဖွဲ့လုံ့လဆုများ ရရှိကြသည့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်ပညာရေး တက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး) ကသအမှတ်(B-၃၀) ဒေါ်ဝေဝေမြင့်နှင့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပြည်တက္ကသိုလ်မှ ကထိက ကသအမှတ်(A-၅)ဒေါ်ဝင်းဝင်းလှတို့အားလည်းကောင်း၊ စံပြအဆောင်ဆုရရှိသည့်အမျိုးသမီးတပ်ခွဲ(၁) အဆောင်(၄)မှ သင်တန်းသူ ၂၃ဦး ကိုယ်စားတပ်ခွဲအလိုက် သင်တန်းသူ ခေါင်းဆောင်တစ်ဦးအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် သင်တန်းသား ခေါင်းဆောင်များအား သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြာမြင့်

အဆိုပါသင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၃၃၃ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုအထက်တန်းကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ယခင် ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပ မြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀ဖလမ်း အမှတ်၂၄-ဒီရှိ ဆရာကြီး ဦးတိုးအောင်၏နေအိမ်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အဆိုပါအာစရိယပူဇော်ပွဲသို့ ဆရာဟောင်းများ၊ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း) ဖုန်း-၆၆၀၇၃၁၊ ဗိုလ်မှူးမောင်သိန်း(ငြိမ်း) ဖုန်း-၅၇၂၀၁၅၊ ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁၊ ဦးထွန်းမြင့် ဖုန်း-၀၅၆-၂၁၄၇၃၊ ဦးအေးဖေ ဖုန်း-၃၇၉၆၄၇၊ ဒေါက်တာအေးဖေ ဖုန်း-၆၄၂၁၅၅ နှင့် ဦးဝင်းကြည် ဖုန်း-၅၇၃၁၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ်၊ တပို့တွဲလဆန်း၁၄ရက်
(အဖိတ်နေ့)
၈-၂-၂၀၀၉ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၄၀ ၉။ **ကျွမ်းတိုင်းမကြမ်းနဲ့** လျှမ်းထက်၊သတ္တိ၊ ဖြိုးမောင်မောင်၊ သဇင်၊ နန်းဆုရတီစိုး၊ စုချစ်ဇော် (ဒါရိုက်တာ-ဇော်လူထက်)
- ၈:၅၀ ၁၀။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
- ၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၂၁)
- ၁၂:၂၅ ၅။ Golf Magazine(TV)
- ၁၂:၄၅ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **မိုးသောက်နေခြည်နှင့်ဆည်းဆာ** လွင်မိုး၊ ရဲအောင်၊ ညီညီနေနိုင်၊ နန္ဒာလှိုင်၊ ဆုပန်ထွာ (ဒါရိုက်တာ-မောင်နန္ဒ)
- ၁၄:၃၀ ၇။ တေးဂီတအစီအဉ်
- ၁၄:၄၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၄၅ ၉။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄:၂၀ ၃။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်)
- ၄:၅၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၅။ (၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၁၀ ၆။ **ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု**
- ၅:၂၀ ၇။ ဆိုကြမယ်ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
- ၆:၅၅ ၁၁။ တစ်မျက်နှာတစ်ကွက်စာ **နတ်သမီးအလှပြင်ခန်း** မိုးကျော်၊ဝိုင်းချစ်၊ယဉ်ချောစု [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
- ၇:၁၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၁၇)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၉)
- ၁၇။ အစီအစဉ်ပြီး၏။

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ရိဒ်-တီးတိန်လမ်းပိုင်းတွင် လမ်းတာချဲ့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● *ကျော်ဖုံးမှ*

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က တီးတိန်-ရိဒ်လမ်းပိုင်းသည် အတက်အဆင်းများ၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်ရန်၊ မြေပြိုကျ၍ လမ်းပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးအတွက် မြေထိန်းနံရံများ ဆောင်ရွက်ရန်နှင့် တီးတိန်မြို့တွင်းလမ်းကို ဦးစားပေး၍ ကတ္တရာခင်းရန် စသည်ဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မဏိပူရမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် အရှည်ပေ၄ဖ၀ရှိ မံဆောင်းဘေလီကြိုးတံတား ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်းလွဲပိုင်းတွင် ရိဒ်ခေါဒါရ်မြို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသို့ရောက်ရှိပြီး ဈေးကွက်ရှိသော အစေ့ထုတ်ပြောင်း၊ ချင်းနှင့် ပဲပုပ်တို့ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြရန် မှာကြားကာ ရိဒ်ခေါဒါရ်မြို့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံချစ်ကြည်ရေးတံတား၊ နယ်ခြားမှတ်တိုင်နှင့် ဈေးဆိုင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အရှည် ၁၀၈ပေရှိ သီငါးချောင်းတံတား ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရိဒ်ခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးရုံးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ အဝတ်အထည်များ၊ ဆေးဝါးများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ရိဒ်ကန်သာအပန်းဖြေစခန်းကိုလည်းကောင်း၊ ရိဒ်ခေါဒါရ်မြို့နယ်ဆေးရုံကိုလည်းကောင်း၊ ရိဒ်-တီးတိန်လမ်း မိုင်တိုင်အမှတ်၁၆မိုင်၊ ၁၆မိုင် ၁ဖာလုံနှင့် ၁၆မိုင် ၂ဖာလုံတို့တွင် အမာခံကျောက်ခင်းခြင်းနှင့် လမ်းတာချဲ့ခြင်းလုပ်ငန်းများကို စက်ယန္တရားများအသုံးပြု၍ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တီးတိန်ပိုးချည် စက်ရုံ၌ ပြသထားသော ပိုးအိမ်ဥမျိုး၊ ပိုးပဝါ၊ ခြေနင်းပိုးချည်များနှင့် ဈေးကွက်ရှိသော ၂၀/၂၂ ဒီနီယာပိုးချည်ထုတ်လုပ်နေမှုနှင့် လက်ကျစ်ပိုးချည်ထုတ်လုပ်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များသည် တီးတိန်မြို့ ကမ်ဟောက်ခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပြီး အဝတ်အထည်များ၊ ဆေးဝါးများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တီးတိန်မြို့ရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်း၌ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ ကြိမ်ရက်လုပ်မှုသင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်းများနှင့် သင်တန်းကျောင်းမှ ထုတ်လုပ်ထွက်ရှိသော အဝတ်အထည်နှင့် လက်မှုပစ္စည်းများကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး သင်တန်းကျောင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မောင်မြန်မာ-မယ်မြန်မာ ၂၀၀၉ ရွေးချယ် အလှချင်းလည်းပြိုင် ကာယချင်းလည်း ပြိုင်ဆိုင်ခဲ့ကြ

သတင်းမြင်ကွင်း-ဝင်းကျော်၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၇

ကျန်းမာကြံ့ခိုင်သော လူငယ်များဖြစ်လာစေရန်၊ ကာယဗလအားကစားနည်းကို လူငယ်များစိတ်ဝင်စားမှုရှိစေရန်အတွက် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် MDG Co.,Ltd.တို့ပူးပေါင်းစီစဉ်ကျင်းပသည့် မောင်မြန်မာ၊ မယ်မြန်မာ ၂၀၀၉ပြိုင်ပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ယနေ့မွန်းတည့် ၁၂နာရီက ကျင်းပခဲ့သည်။

ရွေးချယ်

မောင်မြန်မာပြိုင်ပွဲတွင် အငယ်တန်းနှင့် အကြီးတန်း ခွဲခြားထားပြီး မယ်မြန်မာပြိုင်ပွဲကို တစ်တန်းတည်းသာထားရှိသည်။ မောင်မြန်မာ(အငယ်တန်း)ပဏာမအဆင့်တွင် ပြိုင်ပွဲဝင်

၂၀၀၉ခုနှစ် မယ်မြန်မာပြိုင်ပွဲတွင် ပထမဆုရရှိသွားသည့် နော်ဆိုဖီယာ ဆုယူအပြီးတွေ့ရစဉ်။ (မြန်မာ့အလင်း)

၁၉ဦးထဲမှ ၁၀ဦး ရွေးချယ်ပြီး ယင်းတို့အထဲမှ ခြောက်ဦးကို ရွေးချယ်ကာ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်စေပြီး ပထမ၊ ဒုတိယ၊ တတိယဆုများကို ရွေးချယ်ခဲ့သည်။

မောင်မြန်မာ(အငယ်တန်း)များကို ပြိုင်ပွဲယှဉ်ပြိုင်စေရာတွင် သတ်မှတ်ကိုယ်ဟန်ပြကွက်ဖြင့် ပထမယှဉ်ပြိုင်စေပြီး တစ်ဦးချင်း စိတ်ကြိုက် ကိုယ်ဟန်ပြကွက်ကိုမူ နောက်ခံတီးလုံးဖြင့် စည်းချက်ကျကျ ကာယအလှကို ထုတ်လှစ်ပြသစေခဲ့သည်။ ဤတွင် ကာယမောင်များ၏ ကိုယ်ခန္ဓာဖွဲ့စည်းမှု အချိုးအစားကို တီးကွက်နှင့်အညီ ပြသနိုင်သူအတွက် ပြိုင်ပွဲတွင် အမှတ်ပိုမိုရရှိစေသည်။

ပထမအဆင့်

မောင်မြန်မာ(အငယ်တန်း) ပဏာမရွေးချယ်မှုအပြီးတွင် မယ်မြန်မာပြိုင်ပွဲအတွက် ပထမအဆင့် ယှဉ်ပြိုင်စေခဲ့သည်။ စင်မြင့်ထက်တွင် ပြိုင်ပွဲဝင်မယ်များ၏ လှပကြော့ရှင်းသော ကိုယ်ဟန်အနေအထားနှင့် အရောင်အသွေးစုံစွာ ဝတ်ဆင်ထားမှုများက ရောင်စုံပန်းများ ယိမ်းကသလိုနှယ် ကြည့်ရှုသူပရိသတ်များအတွက် ကျေနပ်နှစ်သက်စေသည်။

ကိုယ်ဟန်အနေအထား

မယ်မြန်မာပြိုင်ပွဲဝင်များ ပထမအဆင့် ယှဉ်ပြိုင်မှုအပြီးတွင် မောင်မြန်မာ (အငယ်တန်း) ဗိုလ်လုပွဲကျင်းပရာ ပဏာမရွေးချယ်ထားသူ ၁၀ဦးကို စင်မြင့်ထက်တွင် သတ်မှတ်ပုံစံဖြင့် ယှဉ်ပြိုင်စေခြင်း၊ နောက်ခံတီးကွက်ဖြင့် တစ်ဦးချင်း စိတ်ကြိုက် ကိုယ်ဟန်အနေအထားဖြင့် ယှဉ်ပြိုင်စေခဲ့ရာ ကာယမောင်များ စင်မြင့်ထက်တွင် သူနိုင်ကိုယ်နိုင် အပြိုင်ကြဲ၍ ခွန်အားရှိသမျှ အစွမ်းကုန်ထုတ်ပြ ယှဉ်ပြိုင်နေမှုမှာ ကြည့်ရှုသူလူငယ်များအတွက် စိတ်ဓာတ်တက်ကြွဖွယ် အတုယူအားကျချင်စရာ ကောင်းလှပေသည်။

အဆိုပါ မောင်မြန်မာ(အငယ်တန်း) ပြိုင်ပွဲအပြီးတွင် မောင်မြန်မာ (အကြီးတန်း) ဗိုလ်လုပွဲကျင်းပရာ ပြိုင်ပွဲဝင် မောင်ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင်မောင်များထဲတွင် မောင်မြန်မာဆုရဖူးသူများ၊ မြန်မာ့လက်ရွေးစင်မောင်များ ပါဝင်နေသဖြင့် ကာယအလှယှဉ်ပြိုင်မှုတွင် သူမသာကိုယ်မရှုံး အကြိတ်အနယ် ရှိပေသည်။ တစ်ဦးချင်း စည်းချက်နှင့်အညီ စိတ်ကြိုက်ကိုယ်ဟန်ပြကွက်များမှာလည်း ကြည့်မြင်ရသူပရိသတ်အတွက် အားကျစရာ၊ ကာယအလှ အားကစားကို စိတ်ဝင်စားစရာဖြစ်ပေါ်စေသည်။



မောင်မြန်မာ (အကြီးတန်း)ပြိုင်ပွဲတွင် ပထမဆုရရှိသွားသည့် ခိုင်လင်း ဆုယူအပြီးတွေ့ရစဉ်။ (မြန်မာ့အလင်း)

လှုပပြေပြစ်မှု

ထို့နောက် မယ်မြန်မာ နောက်ဆုံးအဆင့် ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲဝင် ၁၃ ဦး၏ ဝါ၊ စိမ်း၊ နီ ဝတ်စုံများနှင့်အတူ ကိုယ်ဟန်လှပ ပြေပြစ်မှုအတွက် သတ်မှတ်ပုံစံ၊ စိတ်ကြိုက်ပုံစံများဖြင့် ယှဉ်ပြိုင်စေပြီး နောက်ဆုံးတွင် ကာယစွမ်းရည်ကောင်းသလို ဉာဏ်စွမ်းရည်ကောင်းမှုရှိမရှိအတွက် ဉာဏ်စမ်းမေးခွန်းများမေးပြီး ပြိုင်ပွဲဝင်စေရာ ပရိသတ်များအတွက် အမြင်လည်းလှ ပညာလည်းရပေသည်။ ထို့နောက် ပန်းဧကရီအလှမယ်များက ပရိသတ်များကို ဖက်ရှင်ဝတ်စုံဆန်းများဖြင့် သရုပ်ပြသပြီးနောက် တေးဂီတဖြင့် အဆိုတော်များက ဖျော်ဖြေခဲ့သည်။ ဆက်လက်၍ မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲအတွက် ဆုရွေးချယ်မှုအစီအစဉ်ကို ကျင်းပသည်။

အငယ်တန်း

မောင်မြန်မာ (အငယ်တန်း)အတွက် ဆုကို မောင်မောင်ကြည်ကတတိယ၊ မောင်ကျော်ကဒုတိယနှင့်ပထမဆုကို ပရိသတ်များက မျှော်လင့်သည့် အောင်ချမ်းလင်းက ရရှိသည်။ ပထမဆုရရှိသူ အောင်ချမ်းလင်းကိုဆုချီးမြှင့်မှုအပြီးတွင် တွေ့ဆုံမေးမြန်းရာ "ကျွန်တော့် အသက်၂၂နှစ် ရှိပါပြီ။ Crusher မောင်(အငယ်တန်း)ကို သုံးနှစ်ဆက်တိုက် ရရှိဖူးပါတယ်။ ၂၀၀၆ မောင်မြန်မာပြိုင်ပွဲမှာ အဆင့် (၆)၊ ၂၀၀၇မှာတတိယနဲ့ ၂၀၀၈မှာ ဒုတိယရရှိခဲ့ပါတယ်။ ယခု ၂၀၀၉ မောင်မြန်မာ (အငယ်တန်း) ပြိုင်ပွဲမှာတော့ ပထမဆုရရှိပါတယ်။ ယခုလိုရရှိခဲ့တဲ့အတွက် အလွန်ပဲဝမ်းသာမိပါတယ်။ ကျွန်တော့်ဇာတိက မကွေးတိုင်း ငဖဲမြို့နယ် ပဒါန်းရွာကပါ" ဟု အားရဝမ်းသာစွာ ပြောကြားခဲ့သည်။

အကြီးတန်း

မောင်မြန်မာ (အကြီးတန်း)အတွက် ဆုကို တတိယ အောင်ဆွေနိုင်၊ ဒုတိယ အောင်ခိုင်ဝင်းနှင့် ပထမဆုကို ကာယဗလအားကစားနှင့် ၁၀နှစ်ကျော် ကင်းကွာခဲ့သူ မောင်မြန်မာချန်ပီယံဟောင်း ခိုင်လင်းက ရရှိခဲ့သည်။ နှစ်အတန်ကြာကာယဗလပြိုင်ပွဲများနှင့် ဝေးကွာခဲ့သော်လည်း အားကစားကို ချစ်မြတ်နိုးစိတ်ဖြင့် ပြိုင်ပွဲဝင်ရာမှ ဆုရရှိခဲ့သူ ခိုင်လင်းကို ဆုချီးမြှင့်မှုအပြီး တွေ့ဆုံမေးမြန်းခဲ့ရာတွင် **"ကျွန်တော့်အသက် ၄၆နှစ်ရှိပါပြီ။ အသက်ကြီးပေမယ့် ခန္ဓာကိုယ်က ကြံ့ခိုင်ဆဲပါ။ ကျွန်တော့်အနေနဲ့ ၁၉၉၅နှင့်၁၉၉၇ခုနှစ်တွေမှာ မောင်မြန်မာ ဆုရရှိဖူးသလို ပြည်ပပြိုင်ပွဲအနေဖြင့် အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲများမှာလည်း ဆုရရှိဖူးပါတယ်။ တပ်မတော်(ကြည်း၊ရေ၊လေ)မောင်ပြိုင်ပွဲမှာလည်း ဆုတော်တော်များများရရှိဖူးပါတယ်။ ကျွန်တော့်ဇာတိက ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် နဂါးမောက်အောက်ရွာကပါ။ လူငယ်တွေကို ကာယအလှအားကစားကို စိတ်ဝင်စားနှစ်သက်ကြပါလို့ ပြောချင်ပါတယ်"**ဟု ရွှင်လန်းတက်ကြွစွာ ပြောခဲ့ပေသည်။

မယ်မြန်မာ(၂၀၀၉)အတွက် ဆုရွေးချယ်ရာတွင် ပရိသတ်များ ကြိုက်နှစ်သက်သူနှင့် တစ်ထပ်တည်းတူသူလည်းရသလို၊ မတူသူလည်း ရရှိခဲ့သည်။ တတိယဆုကို ငုဝါခိုင်၊ ဒုတိယဆုကို ဝတ်ရည်ဖြိုးနှင့် ပထမဆုကို အနီရောင်ဝတ်စုံနှင့် ရဲရင့်စွာလှပနေသော နော်ဆိုဖီယာက ရရှိခဲ့သည်။

မယ်မြန်မာ

မယ်မြန်မာဆုရရှိသူ နော်ဆိုဖီယာကို ဆုချီးမြှင့်မှုအပြီး ဆက်လက်မေးမြန်းရာ သူမက ပြုံးရွှင်တက်ကြွစွာဖြင့် **"ယခု မယ်မြန်မာဆုကို ရရှိတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ဆုအနေနဲ့ ဧရာဝတီတိုင်းမယ် ဆုကို၂၀၀၇၊၂၀၀၈မှာရရှိဖူးပြီး ပြည်ထောင်စုမယ်ကိုလည်း ၂၀၀၈ခုနှစ်မှာ ရရှိခဲ့ပါတယ်။ သမီး အသက်၂၄နှစ်ရှိပါပြီ။ ဇာတိက ဧရာဝတီတိုင်း ကျိုက်လတ်ကပါ။ နောင်လည်း ပြိုင်ပွဲတွေကို ဆက်လက်ယှဉ်ပြိုင်ဦးမှာပါ"**ဟု ဝမ်းသာအားရဖြင့် ပြောပြသည်။

မောင်မြန်မာ၊ မယ်မြန်မာ ၂၀၀၉အတွက် ပြိုင်ပွဲကြီးမှာ ညနေ၄နာရီခွဲတွင် ပြီးဆုံးခဲ့ပြီး နောက်နှစ်အတွက် မောင်မြန်မာ၊ မယ်မြန်မာ မည်သူဖြစ်လာမည်ကို အချိန်ကိုစောင့်ရင်း မျှော်လင့်ပါဦးဟု ကြည့်မြင်မိသမျှ ရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မောင်မြန်မာ (အကြီးတန်း) ပြိုင်ပွဲကို ဤသို့ ယှဉ်ပြိုင်ခဲ့ကြသည်။ (မြန်မာ့အလင်း)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်–

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ်	၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း–၀၆၇–၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၀၈–၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းနဲ့ စွမ်းအင်အသင်းတို့ အနိုင်ရရှိသွားပါတယ်။

သုဝဏ္ဏကွင်း

ကမ္ဘောဇအသင်း–နှစ်ဂိုး
ဆောက်လုပ်ရေးအသင်း–တစ်ဂိုး

အောင်ဆန်းကွင်း

စွမ်းအင်–တစ်ဂိုး
ဆက်သွယ်ရေး–ဂိုးမရှိ

၉–၂–၂၀၀၉ ရက်

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန်–မြို့တော်စည်ပင်

သုဝဏ္ဏကွင်း

ပြည်ထဲရေး–Air Bagan F.C

(မြန်မာ့အလင်း)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၇

"ရန်ကင်းမြို့နယ် နှစ်လောင်းပြိုင် လူသတ်မှုမှ တရားခံများကို ခြောက်ရက်အတွင်း ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့" မှုခင်းသတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၆၄)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ အလုပ်သွားလုပ်လိုကြလျှင်၊ အင်းလုပ်ကိုင်ခွင့်လိုင်စင် တစ်နှစ်တစ်ကြိမ် ထုတ်ပေးခြင်းက ငါးမျိုးရှားပါးမှုကို ဖြစ်ပေါ်စေနိုင်၊ အလှိုင်းခွေ ဈေးကွက်ပျောက်လာသည့် ၂၀၀၈–၂၀၀၉ ဈေးကွက်၊ မန္တလေးကျုံးနံဘေးတွင် အိတ်ဖြင့်ထည့်၍ မွေးကင်းစကလေးအား စွန့်ပစ်ထား၊ လမ်းဘေး ပုံကျရောင်းချနေသော အသုပ်ဆိုင်၊ မုန့်ဟင်းခါးဆိုင်များကို အဖွဲ့များခွဲပြီး စစ်ဆေး၊ ကိုရီးယားပြည်တွင်းမှ ပေါ်ပြူလာအဖြစ်ဆုံး ရုပ်သံဇာတ်လမ်းတွဲ East of Eden၊ အထပ်မြင့်အဆောက်အအုံများကို ချေးငွေထုတ်မပေး၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က မြန်မာနိုင်ငံသား သင်္ဘောကပ္ပတိန်အား ဂုဏ်ပြုလက်မှတ်ချီးမြှင့်၊ ပြင်ဦးလွင်–မန္တလေးလမ်းပေါ်တွင် ကားမှောက်ပြန်ပြီ၊ ထိုင်း–မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးကြမည်၊ ၃၁နှင့် ၃၉ စစ်ကျန်ဘတ်စ်ကားယာဉ်လိုင်းများ တာမွေဈေးတွင် ဂိတ်ဆုံးရန်သတ်မှတ်၊ ပါမောက္ခ ဒေါက်တာမြသိန်းဟန်၏ အာခံတွင်းနှင့် လည်ပင်းမှပြောပြသော ရောဂါများ၊ ယခုနှစ်အတွင်း ရှစ်ဦးမြောက် ကြက်ငှက်တုပ်ကွေးဖြစ်မှု ပေကျင်းတွင် တွေ့ရ၊ ယနေ့ လက်ရှိထီအရောင်းဆိုင်များ အခြေအနေ၊ ဒေါက်တာဦးစိုးလွင်၏ သူများပေးမှ ရမှာလား၊ ဇနီး သား သမီးအားလုံးကို ပစ်သတ်ပြီး မိမိကိုယ်ကိုပါ ပစ်သတ်မှုဖြစ်ပွား၊ မြန်မာ့ပဲမျိုးစုံ တန်ချိန် ၄၂၀၀ အိန္ဒိယတင်သွင်းမည်၊ အိုဘားမားလက်ထက် ဆန့်ကျင်ဘက်နိုင်ငံများမှ မျှော်လင့်ချက်ရှိပေမယ့် ဘင်လာဒင်က ဆက်တိုက်မည်၊ အီရန်၏ ဂျူကလီးယားအကြမ်းဖက်မှု စိုးရိမ်ဖွယ်ရာများ၊ အစ္စရေး၏ စစ်ပွဲအသစ်အတွက် အမေရိကန်စစ်သင်္ဘောများ ဆီးရီးယားနှင့် စစ်ရေး ထိပ်တိုက်ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း အစ္စရေးပြောကြား စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ၂၀၀၇ခုနှစ် ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အချပ်ပိုပါရှိသည်။

(သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ

(တနင်္လာနေ့–နံနက်+နေ့လယ်+ည)
(၉–၂–၂၀၀၉ ရက်)

၀၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း ကြေညာချက်
၀၇:၁၅ တရားတော် **ဓမ္မသုတ်** ဓမ္မပူဇာတေးပဒေသာ
၀၇:၃၀ (၃၈)ဖြာမင်္ဂလာ
၀၇:၃၅ နံနက်ခင်းတေးပဒေသာ
၀၈:၀၀ စံတော်ချိန်+သတင်း
၀၈:၁၀ နံနက်ခင်းတေးပဒေသာ
၀၉:၀၀ အစီအစဉ်ပြီး၏။

၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ လယ်ယာစီးပွား (စီးပွားဖြစ် ဆီးစိုက်ပျိုးရေး)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း နေ့လယ်ခင်းတေးပဒေသာ
၁၁:၁၀ မေတို့တွက်တာ အလှကမ္ဘာ (လှုပ်လှုပ်ရှားရှား ကလေးပေါ့)
၁၁:၃၀ သိပ္ပံပညာသိကောင်းစရာ လူနေမှုတိုးတက်ရေးဖြစ်စဉ် သမိုင်းကြောင်း–အပိုင်း(၂)
၁၂:၀၀ စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း (စာရင်းစစ်)
၁၂:၁၅ နေ့လယ်ခင်းတေးပဒေသာ
၁၂:၃၀ အားကစားသတင်းပဒေသာ
၁၂:၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၀၅ တေးပဒေသာ
၁၃:၁၀ ပညာရေးအစီအစဉ် စတုတ္ထတန်း သမိုင်း (ပြည်ထောင်စုနေ့)
၁၃:၃၀ အစီအစဉ်ပြီး၏။

၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (လမ်းကိုဖြောင့်ဖြောင့် လျှောက်ရင် ပန်းတိုင်မြန်မြန်ရောက်တာပါပဲ)
၁၆:၃၀ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (ပထဝီဝင်)
၁၇:၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (အဓိကသော့ချက်က ချွေးစို့လာဖို့)
၁၇:၁၀ ဇာနည်စစ်သည်တေးပန်းချီ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေး သီတေးပန်းချီ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ ရေဒီယိုအတိတ်တေးအရိပ်
၁၉:၁၀ နိုင်ငံရေးဦးတည်ချက်
၁၉:၂၅ ပြုံးပဒေသာ
၁၉:၄၅ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ ဟန်မျိုးစုံညီတေးကိုသီ စီးပွားရေးဦးတည်ချက်
၂၀:၅၀ တေးပဒေသာ
၂၁:၀၀ သူ့လက်သံ (ဒုံမင်းလက်သံ) လူမှုရေးဦးတည်ချက်
၂၁:၃၀ တေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

မကွေးတိုင်းအသင်း ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ဗိုလ်လုပွဲတက်ပြီ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ – စိုင်းရဲရင့် ❖ စာမျက်နှာဖွဲ့စည်းမှု – တိုးလွင်(မြန်မာ့အလင်း)

မန္တလေး ဖေဖော်ဝါရီ ၇

၂၀၀၉ခုနှစ် (၅၄)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီက မန္တလေးမြို့ ဗထူးကွင်းတွင် ကျင်းပရာ ကချင်ပြည်နယ်အသင်းနဲ့ မကွေးတိုင်းတို့ မိနစ်၁၂၀ပြည့်တဲ့အထိ တစ်ဂိုးစီသရေကျနေလို့ ပယ်နယ်တီနဲ့ ဆုံးဖြတ်ရာ မကွေးတိုင်းက စုစုပေါင်း ခြောက်ဂိုး–လေးဂိုးနဲ့ အနိုင်ရသွားပါတယ်။

မကွေးတိုင်းအသင်း–ခြောက်ဂိုး
ကချင်ပြည်နယ်အသင်း–လေးဂိုး

ကချင်ပြည်နယ်အသင်းကတော့ လက်ရှိ ချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ဖို့အတွက် အားကုန်ထုတ်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒုတိယအဆင့် အုပ်စုပွဲတုန်းက နာမည်ကြီးအသင်းတွေဖြစ်တဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)နဲ့ ပဲခူးတိုင်းတို့ကိုကျော်ဖြတ်ပြီး တက်ရောက်နိုင်ခဲ့တဲ့ မကွေးတိုင်းကတော့ အခုအကြိုဗိုလ်လုပွဲမှာ လက်ရှိချန်ပီယံ ကချင်ပြည်နယ်ကိုထပ်မံအနိုင်ရယူနိုင်ခဲ့ပြန်ပါတယ်။ ပြည်ထောင်စုဒိုင်းကို လေးကြိမ် (ပူးတွဲနှစ်ကြိမ်အပါအဝင်)ဆွတ်ခူးဖူးတဲ့ မကွေးတိုင်းအသင်းကတော့ အောင်မြင်မှုနဲ့ အလှမ်းဝေးနေရာမှ ရန်ကုန်မှာကျင်းပတဲ့ ၂၀၀၇ခုနှစ် (၅၂)ကြိမ်မြောက် ပြိုင်ပွဲမှာ ဗိုလ်လုပွဲ ပြန်လည်ရောက်ရှိခဲ့သလို တစ်နှစ်ခြားမှာပဲ ဗိုလ်လုပွဲကို ထပ်မံတက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်အသင်းမှာ မိနစ် ၉၀ အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့ပေမယ့် အနိုင်ကို မထိန်းနိုင်ဘဲ ထပ်ဆောင်းဖြည့်ပေးချိန်တွင် ဂိုးပြန်ပေးလိုက်ရခြင်း ဖြစ်ပါတယ်။

မကွေးတိုင်းမှာ ပွဲစကတည်းက အချိတ်အဆက်မိမိနဲ့ ထိုးဖောက်နိုင်ခဲ့ပေမယ့် တိုက်စစ်မှူးများက အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့တာ၊ ကချင်နောက်တန်း ဖျက်အားကောင်းတာကြောင့် ဂိုးမရခဲ့ပါဘူး။ ပထမပိုင်းမှာတော့ ကချင်ပြည်နယ်အသင်း တိုက်စစ်ပုံဖော်လို့ မရတာကြောင့် မကွေးနောက်တန်းကို မခြိမ်းခြောက်နိုင်ခဲ့ပေ။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာတော့ ကချင်ကစားကွက် ကောင်းလာပြီး တစ်ကျော့ပြန် ဖိကစားနိုင်ခဲ့ပါတယ်။ ၅၂မိနစ်မှာ ကချင် ဂိုးစရသွားပြီး အောင်မြင့်မြတ်က သွင်းယူခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ကချင်က အနိုင်ဂိုးကိုထိန်းဖို့ ကြိုးစားသလို မကွေးကလည်း ချေပဂိုးရဖို့ ကြိုးစားလာခဲ့ပါတယ်။ နာကျင်ချိန်များအတွက် ထပ်ဆောင်းဖြည့်ပေးချိန် သုံးမိနစ်မှာ အသင်းခေါင်းဆောင် မင်းမင်းသူက ချေပဂိုး သွင်းနိုင်ခဲ့တာကြောင့် မကွေးတိုင်းအသင်း အချိန်ပိုအထိ ခရီးဆက်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။ အချိန်ပိုမှာလည်း ဂိုးမသွင်းနိုင်လို့ ပယ်နယ်တီနဲ့ ဆုံးဖြတ်ခဲ့ရပါတယ်။ ပယ်နယ်တီကို မကွေးတိုင်းက စကန်ရပြီး မင်းမင်းသူ၊ ချစ်ကိုကိုထွေး၊ အောင်ဇော်လတ်၊ ဟိန်းထက်အောင်နဲ့ ဘုန်းပြည့်ဖြိုးတို့က ငါးလုံးစလုံး ဝင်အောင် ကန်နိုင်ခဲ့ပါတယ်။

ခက်ခက်ခဲခဲ

ပွဲအပြီးမှာ မကွေးတိုင်းအသင်း အုပ်ချုပ်သူ ဦးသိန်းမြင့် (ဒုတိယညွှန်ကြားရေးမှူး အား/ကာ) က "တစ်ဖက်အသင်းမှာ လက်ရှိချန်ပီယံဖြစ်၍ မိမိတို့ ခက်ခက်ခဲခဲ ကစားခဲ့ရကြောင်း၊ ပွဲပြီးခါနီးတွင် ချေပဂိုးပြန်သွင်းနိုင်ခဲ့၍ ပယ်နယ်တီကန်ရာတွင် စိတ်ဓာတ်ပိုင်း အသာရခဲ့ကြောင်း၊ ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့၍ မြန်မာကိုင်ဒိုက ကျပ်၁၀သိန်း၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျပ်သုံးသိန်း၊ မကွေးတိုင်းမှ ဝါသနာရှင်တစ်ဦးက ကျပ်သုံးသိန်းငါးသောင်း ချီးမြှင့်ပါကြောင်း၊ ဗိုလ်လုပွဲတွင် အိမ်ရှင်မန္တလေးနှင့် ကစားရမည်ဖြစ်သော်လည်း အနိုင်ရရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ မန္တလေးနှင့် ဒုတိယအဆင့် အုပ်စုပွဲတွင် တွေ့ဆုံစဉ်က တစ်ဂိုးစီသရေကျခဲ့ပြီး ဂိုးစသွင်းနိုင်ခဲ့ကြောင်း" ပြောကြားခဲ့ပါတယ်။

ကချင် အသင်းနည်းပြချုပ် ဦးခင်မောင်တင့်က "ကစားသမားများကြိုးစားသော်လည်း ကံမကောင်းခဲ့ကြောင်း၊ ပထမပိုင်းတွင် ကစားပုံသိပ်မကောင်းသော်လည်း မကွေး၏ အားသာချက်များကို ပိတ်ဆို့ခဲ့ကြောင်း၊ ကစားသမားများမှာ ဂိုးရအပြီးတွင် ကိုယ့်ကစားကွက်ကို မထိန်းနိုင်သလို စိုးရိမ်စိတ်များ၍လည်း ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းမှာ တစ်ဂိုးရှုံးသော်လည်း စိတ်ဓာတ်မကျဘဲ ကစားခဲ့ကြောင်း၊ ပယ်နယ်တီတွင် မကွေး အသာရခဲ့ကြောင်း၊ မိမိတို့ သေချာလေ့ကျင့်ပေးထားသူများမှာ အနာတရဖြစ်ပြီး လူစားလဲလိုက်ရလို့ မကန်ခဲ့ရကြောင်း" ရှင်းပြခဲ့ပါတယ်။ ။

ဗိုလ်လုပွဲရောက် မကွေးတိုင်းအသင်း။ (မြန်မာ့အလင်း)

၉–၂–၂၀၀၉ ရက်

ညနေ ၃နာရီ
တတိယလုပွဲ
ရခိုင်ပြည်နယ်နှင့်ကချင်ပြည်နယ်

ညနေ ၅နာရီ
ဗိုလ်လုပွဲ
မန္တလေးတိုင်းနှင့်မကွေးတိုင်း။

(မြန်မာ့အလင်း)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ညအပူချိန်ဟားခါးတွင် –၁ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းနှင့်လွိုင်လင်၌ ၂ ဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၇

ဖေဖော်ဝါရီ ၈ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

သာယာမည်

ဖေဖော်ဝါရီ ၈ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၇ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့သည်။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ်၊ မွန်ပြည်နယ်၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်မှာ မြိတ်မြို့တွင် ၀ဒသမ ၄၃လက်မ ဖြစ်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် –၁ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် လွိုင်လင်မြို့တို့တွင် ၂ဒီဂရီစင်တီဂရိတ်စီနှင့် အမ်းမြို့တို့၌ ၅ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

တိမ်အသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား – မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ပရီမီယာလိဂ်ပွဲစဉ်(၂၅)အနိုင်အရှုံးရလဒ်

မန်စီးတီး	၁ – ၀	မစ်ဒယ်ဘရော့
ဘလက်ဘန်း	၀ – ၂	အက်စတွန်ဗီလာ
ချယ်လ်ဆီး	၀ – ၀	ဟူးလ်စီးတီး
အဲဗာတန်	၃ – ၀	ဘော်လ်တန်
ဆန်းဒါးလန်း	၂ – ၀	စတုတ်စီးတီး
ဝက်စ်ဘရွန်း	၂ – ၃	နယူးကာဆယ်
ဝီဂန်	၀ – ၀	ဖူလ်ဟမ်
ပို့စ်မောက်	၂ – ၃	လီဗာပူး

အစေ့ထုတ်ပြောင်း၊ ချင်းနှင့် ပဲပုပ် ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ဆန်းချစ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၁)က တာဝန်ယူဆောင်ရွက်လျက်ရှိသော တီးတိန်-ရိဒ်လမ်းပိုင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့်တာဝန်ရှိသူများက တီးတိန်-ရိဒ်လမ်း တာချဲ့ခြင်း၊ကတ္တရာခင်းကြိတ်ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အခြေခံလွှာခင်းခြင်းနှင့် အမာခံကျောက်ခင်းခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

မြန်မာ့အလင်း (၆၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

- စိတ်ဝမ်းတူမှု စည်းလုံးကြစို့ — လင်းအောင် (နီးကုန်း)၏ ကဗျာ စာ - ၉
- ရဲမာန်ဝင့်ကြွား ဒို့ရွှေပြည် (တျာချင်း) — စလင်းဘုန်းကျော်၏ ကဗျာ စာ - ၉
- စည်းလုံးခြင်း ညီညွတ်ခြင်း — မင်းဦး(ဒသသန)၏ ကာတွန်း စာ - ၉
- တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရခိုင်ပြည်နယ် စာ - ၈

၂၀၀၇ ခုနှစ် အတွက် မြန်မာ့ရုပ်ရှင်အကောင်းဆုံးထူးချွန်ဆု ဆွတ်ခူးရရှိကြသူများ

- အကောင်းဆုံးရုပ်ရှင်တေးဂီတဆု — စိန်မွတ်တား (ကိုးဆယ်ဆသာလိမ့်မယ်)
- အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု — မောင်ယဉ်အောင် (ကိုးဆယ်ဆသာလိမ့်မယ်)
- အကောင်းဆုံးရုပ်ရှင် ဇာတ်ကားဆု — (ကိုးဆယ်ဆသာလိမ့်မယ်)
- အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု — ကျောက်ဖြူ(ပဒေသာ) (ငါ့ဓား၊ ငါ့သွေး၊ ငါ့ရောဝတီ)
- အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု — မိုးဒီ (ကိုးဆယ်ဆသာလိမ့်မယ်)
- အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု — ကျော်ရဲအောင် (ကိုးဆယ်ဆသာလိမ့်မယ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

မောင်ဖိုးမှတ်၏ **ရိုဟင်ဂျာဆိုတာ မြန်မာလည်းမဟုတ် မြန်မာနိုင်ငံမှာလည်းမရှိ** ဆောင်းပါး စာ - ၆ နှင့် ၇ တို့တွင် ဖတ်ရှုနိုင်ပါသည်။

အကယ်ဒမီညချမ်းမှ ဆုရအနုပညာကြယ်ပွင့်တို့ ရင်ခုန်သံများ

တေးဂီတအနုပညာနဲ့ မြန်မာ့အနုပညာ ဖွံ့ဖြိုးတိုးတက်အောင် ဆတက်တိုးပြီး ကြိုးစားသွားမယ်

အကောင်းဆုံးရုပ်ရှင်တေးဂီတဆုရ စိန်မွတ်တား

အခုတော့ ကျွန်တော့်အတွက် အနုပညာအားတွေ အရင်ထက် ပိုပြီး နိုးကြားစေခဲ့ပါတယ်

အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရ မိုးဒီ

အကယ်ဒမီတစ်ဆုရတိုင်း ဒီထက်ပိုပြီး ကြိုးစားရမယ်ဆိုတဲ့ အင်အားတွေ ဖြစ်ပေါ်ရပါတယ်

အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရ ကျော်ရဲအောင်

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - အောင်ထွန်းနိုင် (ပြည်မြန်မာ)နှင့် ကျော်မြင့်သန်း (လမ်းမတော်)
စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၇ (ဖက်စ်)

အနုပညာငွေကြယ်ပွင့်တို့ လင်းလက်သည့် ညချမ်း····။ ၂၀၀၇ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင် ကဇာတ်ရုံစင်မြင့်ထက်၌ မီးဆလိုက်များ ဖြာကျနေသည်။ ရုပ်ရှင်အကယ်ဒမီအထိမ်းအမှတ် ရုပ်တုကြီးသုံးခုကလည်း စင်မြင့်ထက်၌ ဝင့်ကြွားစွာ····။

ပြည့်လျှံ

ဖေဖော်ဝါရီ ၇ရက်၌ ရုပ်ရှင်အကယ်ဒမီထူးချွန်ဆု ချီးမြှင့်ပွဲကျင်းပမည်ဟု ကြိုတင်သတင်းထုတ်ပြန်ထားမှုကြောင့် တစ်နိုင်ငံလုံးပရိသတ်များကလည်း စိတ်ဝင်စားမျှော်လင့်နေကြသည်ဖြစ်ရာ နေပြည်တော်အထိ လာရောက်ကြည့်ရှုအားပေးကြသည့် ပရိသတ်များကလည်း နေရာလွတ်မရှိအောင် ပြည့်လျှံနေသည်။

စာမျက်နှာ ၅ ကော်လံ ၁ *

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု ရရှိသော ကျော်ရဲအောင်အား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)